# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမှု လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday, 6 January 2024 ၁၁၃၃၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## အလုပ်ကမ်းလှမ်းစာ ပိုမိုမြန်ဆန်စေရန် ပြောင်းလဲ ဆောင်ရွက်သွားမည်ဟု ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး အသိပေး

ရန်ကုန် ဇန်နဝါရီ ၅

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးအနေဖြင့် အလုပ်ကမ်းလှမ်းစာ(Demand Letter)စိစစ်ခြင်း လုပ်ငန်းစဉ် ပိုမိုထိရောက်မြန်ဆန်စေရန်အတွက် ပြောင်းလဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက်တွင် အသိပေးထားသည်။

အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာသံရုံးသို့ ပေးပို့လာသည့် Demand Letter များကို စိစစ်နိုင်ရန်အတွက် အချက်အလက်ပေးပို့ရန် ဂျပန်ကုမ္ပဏီ တစ်ခုချင်းစီအား Fax ပေးပို့ခြင်းမပြုတော့ဘဲ သံရုံး၏ လူမှုကွန်ရက်နှင့် Website တွင်(တစ်ပတ်လျှင်)တစ်ကြိမ် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

**ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်လေးခုကို ခွင့်ပြု**

စာမျက်နှာ » ၄

---

**အာမတ် ဟာဖစ် တိုဟီကို ပြောချင်တာက သမိုင်းကိုသိ၊ မြေပြင်ကိုကြည့်ပြီးမှ ဝေဖန်ရေးလုပ်ပါ ဆိုတာပါပဲ။ ဒီလိုမဟုတ်ဘဲ ပြည်တွင်းနိုင်ငံရေး အမြတ်ထုတ်လိုတာ တစ်ခုတည်းနဲ့ အာဆီယံရဲ့ ပဋိညာဉ်ကို ချိုးဖောက်တာမျိုး မဖြစ်ရလေအောင် သတိပြုသင့်ပါတယ်။**

ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

# သင်္ဂဟတရားနှင့်အညီ ကောင်းကျိုးဝေဆာ

သူတစ်ပါးကို ချီးမြှင့်ခြင်းသည် “သင်္ဂဟ” ဟုခေါ်ပါသည်။ ဤသင်္ဂဟတရားထွန်းကားမှ လောကကြီးငြိမ်းချမ်းသာယာဝပြောမည်ဖြစ်သည်။ အခြေအနေအားလျော်စွာ ချီးမြှင့်ထိုက်သူ၊ ချီးမြှောက်ထိုက်သူတို့ကို ချီးမြှင့်ခြင်းတို့အား ကျင့်သုံးသောပုဂ္ဂိုလ်တို့သည် လောကကောင်းကျိုးဖြစ်ထွန်းရုံသာမက ကြီးပွားချမ်းသာကြသည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာစေတနာထားဆက်ဆံကြရာတွင် သင်္ဂဟတရားများသည် အလွန်အရေးကြီးပြီး တရားနှင့်လျော်ညီသည့် ကောင်းခြင်းမင်္ဂလာဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာသည် တစ်ခဏအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးပြန်လည်ရရှိရန် အသက်သွေးချွေးပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီး အချိန်ကြာမြင့်စွာကြိုးပမ်းအားထုတ်ကြရသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံးက စည်းလုံးညီညွတ်မှု၊ ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်ဖြင့် ကြိုးပမ်းအားထုတ်ခဲ့သောကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ညားဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့သည်။

ထို့ကြောင့် ဤနေ့ဤရက်သည် မြန်မာနိုင်ငံအတွက် အလွန်ထူးမြတ်ဂုဏ်ကျက်သရေရှိသည့် နေ့ထူးနေ့မြတ်ဖြစ်သည်။ ယခု (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးကြိုးပမ်းမှုနှင့်အတူ တစ်ဖက်တွင် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ နိုင်ငံ့အမျိုးဂုဏ် ဇာတိဂုဏ်၊ ဘာသာသာသနာမြှင့်မားရေး၊ ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး စသည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ကိုယ်ကျိုးအခိကမထားဘဲ စွမ်းစွမ်းတမံထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များအား အစဉ်အလာမပြတ် ချီးမြှင့်ကြရပေသည်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုအစိုးရစသည့် တိုင်းပြည်၏အဓိကမဏ္ဍိုင်ကြီးများမှ တာဝန်ရှိသူများနှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ ပုဂ္ဂိုလ်အသီးသီးတို့သည်လည်း လက်တွဲကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ရာ မြန်မာနိုင်ငံ၏ (၇၆)နှစ်မြောက် နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွက် ထူးကဲသာလွန်စွာ အကျိုးပြုခဲ့ကြသောပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်ကို ဝမ်းမြောက်စွာမြင်တွေ့ခဲ့ရပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကဏ္ဍများတွင် ထူးခြားထက်မြက်စွာစွမ်းဆောင်နိုင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နယ်ဘက်၊ စစ်ဘက်ဆိုင်ရာတွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွမ်းဆောင်နိုင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီစွာတီထွင်ဖန်တီးနိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များသည် ချီးမြှင့်ထိုက်သူများဖြစ်သည်။

ထို့အပြင် စာပေနှင့်အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသောပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားအရှည်တည်တံ့ခိုင်မြဲရေးအတွက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓသာသနာသုံးရပ်တွင် လောကဓမ္မနှစ်ဌာနအကျိုးပြီးစေသော သာသနာပြုလုပ်ငန်းများကို မဆုတ်မနစ်ကြိုးပမ်းအားထုတ်ခဲ့ကြသည့် လူပုဂ္ဂိုလ်၊ သီလရှင်ပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့မှာလည်း ချီးမြှောက်ပူဇော်ထိုက်သောပုဂ္ဂိုလ်များဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်များအားလုံးကို ထူးခြားလေးနက်သည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်သည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် (၇၆)နှစ်တာကာလတွင် နိုင်ငံတော်အစိုးရက စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး၊ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးစသည့် ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်အကောင်အထည်ဖော်လျက်ရှိရာတွင် တစ်မူထူးခြားထူးချွန်ပြောင်မြောက်စွာထမ်းဆောင်ခဲ့ကြသောပုဂ္ဂိုလ်များအား သင်္ဂဟတရားနှင့်အညီ ချီးမြှင့်ဂုဏ်ပြုနိုင်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောလာမည်ဟု ယုံကြည်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅-၁-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁၉၅ | ၁,၆၉၆,၅၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၀၀ | ၅,၁၁၂ | ၁၄,၈၇၄,၁၀၀ |
| MCB | ၇,၆၀၀ | ၈,၁၀၀ | ၂၇ | ၂၁၅,၇၀၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၂၀၁ | ၃၁၁,၆၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၆ | ၁၅,၀၀၀ |
| EFR | ၁,၉၅၀ | ၁,၉၅၀ | ၁၁၁ | ၂၁၆,၄၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁၂၅ | ၅၈၇,၅၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၇၃ | ၁၂၆,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာ အယ် အာဆတ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော် ကျန်းမာရွှင်လန်းခြင်းနှင့် ပြည့်စုံပြီး ရင်းနှီးဖော်ရွေသော မြန်မာပြည်သူ ပြည်သားများအားလုံး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နှစ်နိုင်ငံ ပြည်သူများအကျိုးစီးပွားအတွက် ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးအား ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် အတူတကွလက်တွဲဆောင်ရွက်သွားရန် မိမိတို့၏ စိတ်အားထက်သန်မှုကို ထပ်လောင်းအတည်ပြုပြောကြားလိုပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား အမှတ်တရလက်ဆောင် ပစ္စည်းပေးအပ်စဉ်။

❂ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H. E. Mr. Chen Hai၊ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidongတို့သည်အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့ ညနေ ၄ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမအောက်မှ စီမံကိန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ အာဆီယံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဒေသဆိုင်ရာ ယန္တရားမူဘောင်အောက်တို့မှ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်သွားရေး ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် အကျိုးတူကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား မြတ်တော်ဝင်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❒ **အလုပ်ကမ်းလှမ်းစာမှ**

ထို့အတူ သက်ဆိုင်ရာကုမ္ပဏီများက စာတိုက်မှတစ်ဆင့် ပေးပို့လာသော အချက်အလက်များ သံရုံးတွင်လက်ခံရရှိပါက Demand Letter မှန်ကန်မှု ရှိ/မရှိစိစစ်ကာ မှန်ကန်သည့် ကုမ္ပဏီများစာရင်းကို အလုပ်သမားဝန်ကြီးဌာနသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြန်လည်ပေးပို့ခြင်းနှင့် အဆိုပါစာရင်းများကို ၁၅ ရက်လျှင်တစ်ကြိမ်နှုန်းဖြင့် သံရုံး၏ လူမှုကွန်ရက်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဟု သိရသည်။

ဂျပန်ကုမ္ပဏီများမှ ပေးပို့ရမည့် အချက်အလက်/စာရွက်စာတမ်းများကိုလည်း သံရုံး၏ website တွင်ဖော်ပြထားမည်ဖြစ်ကြောင်းလည်း သိရသည်။

**MT**

**စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။**

# ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်လေးခုကို ခွင့်ပြု



**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၈) ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**လုပ်ငန်းသစ်လေးခု ခွင့်ပြု**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်လေးခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ငွေကျပ် ၄၈၈၆၄ ဒသမ ၉၅၅ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၉၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရေး မြန်မာ-တရုတ် နှစ်ဖက်ကြိုတင် ဖြည့်ဆည်းဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၅**

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် မြန်မာ-တရုတ် နှစ်ဖက်ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရမည့်လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက Online၊ Offline ဖြင့် ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီးက ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံဘက်မှ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်နိုင်ရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။ ဆက်လက်၍ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ်ရှိ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန၌ ဓာတ်ခွဲပညာရပ်ဆိုင်ရာသင်တန်း ဖွင့်လှစ်




**နေပြည်တော် ဇန်နဝါရီ ၅**

ကျန်းမာရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) တွင် တာဝန်ထမ်းဆောင်ကြမည့် ဓာတ်ခွဲခန်းပညာရှင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန(Jiangsu CDC)သို့ ပညာတော်သင်စေလွှတ်၍ ဓာတ်ခွဲခန်းဆိုင်ရာ ပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနရှိ သင်တန်းခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာဌေးဌေးတင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန စီမံကိန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသော တရုတ်နိုင်ငံ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ်မှ Mr. Zhou Minghao (Deputy Director of Jiangsu Health Commission and Director of Jiangsu Provincial Bureau of Disease Control and Prevention)က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနသည် ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးစီးမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ပါကြောင်း၊ Myanmar CDC အပါအဝင် မြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးကဏ္ဍအတွက် တရုတ်နိုင်ငံ၏ ကူညီမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ Myanmar CDC တွင် နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းများပါဝင်သည်ဖြစ်ရာ ဓာတ်ခွဲခန်းလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်စေရေး တာဝန်ထမ်းဆောင်ကြမည့် ဓာတ်ခွဲပညာရှင်များအား Jiangsu CDC သို့ စေလွှတ်ပညာသင်ကြားပေးသည့်အတွက် များစွာ အကျိုးရှိပါကြောင်း၊ ယခု စေလွှတ်ထားသော ပညာတော်သင် သင်တန်းသားများအနေဖြင့်လည်း ပြန်လည်ရောက်ရှိပါက Myanmar CDC တွင် လွန်စွာအရေးပါသော အခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်ရာ နည်းပညာရပ်ပိုင်းဆိုင်ရာများကို ကြိုးစားလေ့လာကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး Economic and Commercial Department မှ တာဝန်ခံက အမှာစကားပြောကြားသည်။ ထို့နောက် Jiangsu CDC မှ Director in Chief က သင်တန်းပို့ချနေမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံမှ သင်တန်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) တွင် ဇီဝလုံခြုံမှုအဆင့် (၃) (Biosafety Level 3)ရှိ ဓာတ်ခွဲခန်းအပါအဝင် နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းများ ပါဝင်မည်ဖြစ်ပြီး အဆိုပါဓာတ်ခွဲခန်းများ စနစ်တကျ အပြည့်အဝလည်ပတ်နိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနမှ ဓာတ်ခွဲကျွမ်းကျင်ပညာရှင် ၃၅ ဦးကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu CDC သို့ ခြောက်လကြာစေလွှတ်၍ သင်တန်းပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး Mr. Wang Xiaohong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အွန်လိုင်းစနစ်ဖြင့် တွေ့ဆုံ





**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီး Mr. Wang Xiaohong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် တွေ့ဆုံ သည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ (၇)ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်အစည်းအဝေးတွင် သဘောတူညီထားသည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် အွန်လိုင်းလိမ်လည်မှုများကို နှစ်နိုင်ငံ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ- တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၅**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိတပ်မတော်ဆေးရုံတို့၌တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့ ဗုဒ္ဓကုန်းကမ်းနားလမ်း ကွန်ကရစ်ခင်းခြင်း၊ လမ်းဖြတ်တံတား တည်ဆောက်ခြင်းနှင့် Public Area ဖော်ဆောင်ခြင်းလုပ်ငန်းများဖွင့်လှစ်

**ပခုက္ကူ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) ရပ်ကွက်ရှိ ဗုဒ္ဓကုန်းကမ်းနားလမ်း ကွန်ကရစ်ခင်းခြင်း၊ လမ်းဖြတ်တံတားတည်ဆောက်ခြင်းနှင့် အများပြည်သူအပန်းဖြေ အနားယူရန်နေရာ (Public Area) ဖော်ဆောင်ခြင်းလုပ်ငန်းများဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပခုက္ကူမြို့ ဗုဒ္ဓကုန်းကမ်းနားလမ်း ကွန်ကရစ်ခင်းခြင်း၊ လမ်းဖြတ်တံတားတည်ဆောက်ခြင်းနှင့် အများပြည်သူအပန်းဖြေအနားယူရန်နေရာ(Public Area) ဖော်ဆောင်ခြင်းလုပ်ငန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါလုပ်ငန်းများကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၃ခုနှစ် ဩဂုတ် ၁၅ ရက်မှစတင်၍ အရှည် ၂၁၀၉ ပေ၊ အကျယ် ၁၂ ပေ၊ ဒု ရှစ်လက်မရှိ ဗုဒ္ဓကုန်းကမ်းနားလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၇၃ ဒသမ ၄၉၈ သန်းဖြင့် လည်းကောင်း၊ အကျယ် ၁၅ ပေ၊ အရှည် ၂၂ ပေ၊ အမြင့် ကိုးပေ ကိုးလက်မရှိ လမ်းဖြတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၂၉ ဒသမ ၀၅၃ သန်းဖြင့် လည်းကောင်း၊ ကမ်းနားလမ်းမီးတိုင် ၁၇ တိုင်စိုက်ထူထွန်းညှိခြင်းနှင့် ပေ ၃၀၀ ရှိ ဘိုးပိုင်အခြေပြု ကျောက်စီနံရံတည်ဆောက်ခြင်းစသည့်အပန်းဖြေ အနားယူရန်နေရာ(Public Area) ဖော်ဆောင်ခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၈၀ ဒသမ ၃၄၂ သန်းဖြင့် လည်းကောင်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် လုပ်ငန်းများရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



# ညောင်တုန်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

**ဆုများပေးအပ်**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကဦးဆောင်၍ အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသော တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း အဖွင့်အမှာစကားပြောကြားပြီး (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲတို့တွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ။**

# မြန်မာ့နိုင်ငံရေးအပေါ် အမြတ်ထုတ်ဖို့ ကြိုးစားတာလား ...

ကိုပြည်

**ဘင်္ဂါလီအရေးအပါအဝင် မြန်မာ့ပြည်တွင်းရေးပြဿနာတချို့ကို အကြောင်းပြုပြီး မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံတွေ၊ အထူးသဖြင့် အာဆီယံနိုင်ငံတွေက အထင်အမြင်လွဲမှားအောင် ပြောဆိုခဲ့တဲ့ အင်ဒိုနီးရှား အောက်လွှတ်တော်ရဲ့ ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌ အာမတ် ဟာဖစ် တိုဟီ (Achmad Hafisz Thohir)ရဲ့ ပြောကြားချက်တွေကို ASIATODAY.ID သတင်းဝက်ဘ်ဆိုက်တစ်ခုမှာ ဖတ်လိုက်ရပါတယ်။**



အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ AHA Center တို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးစခန်းများ ပြင်ဆင်ဆောင်ရွက်မှုများကို သွားရောက်လေ့လာကြစဉ်။

**❝ အာမတ် ဟာဖစ် တိုဟီရဲ့ မူရင်းပြောဆိုချက်မှာ ရိုဟင်ဂျာလို့ ဖော်ပြထားပါတယ်။ ပထမဆုံးသိဖို့လိုတာက မြန်မာနိုင်ငံမှာ ရိုဟင်ဂျာဆိုတဲ့လူမျိုး မရှိဘူးဆိုတာပါပဲ။ ဒီလိုဘာကြောင့် ပြောရသလဲဆိုရင် အင်မတန်မှ စည်းစနစ်ကြီးလှပါတယ်ဆိုတဲ့ နေမဝင်အင်ပါယာ ထူထောင်ခဲ့ကြတဲ့ နယ်ချဲ့ဗြိတိသျှတွေကိုယ်တိုင် ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းမှာတောင် ရိုဟင်ဂျာဆိုတဲ့လူမျိုးအမည်မပါပါဘူး။ မြန်မာနိုင်ငံမှာ ရိုဟင်ဂျာဆိုတဲ့လူမျိုးမရှိဘူးဆိုတဲ့ မူဝါဒဟာ မြန်မာအစိုးရအဆက်ဆက် ကိုင်စွဲလာခဲ့တာဖြစ်ပါတယ်။ အာမတ် ဟာဖစ် တိုဟီ အပါအဝင် မြန်မာနိုင်ငံအကြောင်း ခြေခြေမြစ်မြစ်မသိဘဲ မြန်မာအစိုးရကို ဝေဖန်လေ့ရှိတဲ့သူတွေ မကြာခဏပြောလေ့ရှိတဲ့စကားက ဘင်္ဂါလီတွေကို လူနည်းစုလို့ ဆိုကြပါတယ်။ ဘူးသီးတောင်၊ မောင်တော သွားကြည့်ရင် ဘင်္ဂါလီက လူများစုဖြစ်နေတာ တွေ့ရပါလိမ့်မယ်။ ဒေသခံတွေကတောင် လူနည်းစုလို ဖြစ်နေပါတယ်။ သူပြောသလို လူမျိုးတုံးသတ်ဖြတ်မှုသာရှိရင် အဲဒီလောက် လူဦးရေများလာပါ့မလားဆိုတာ လောဂျစ်နည်းကျကျ စဉ်းစားကြည့်ရင်သိနိုင်ပါတယ်။ သမိုင်းမသိ၊ မြေပြင်မကြည့်ဘဲပြောနေတော့ အခြေအနေမှန်တွေနဲ့ ကင်းကွာသွားတာဖြစ်ပါတယ် ❞**

တည့်တည့်ပြောရရင် သူ့ရဲ့တိုက်တွန်းချက်တွေဟာ မြန်မာနိုင်ငံကို နိုင်ငံတကာအစည်းအဝေးတွေကနေ အထီးကျန်ထားဖို့၊ လက်နက်ရောင်းချမှုနဲ့ စီးပွားရေးပိတ်ဆို့မှုတွေလုပ်ဖို့၊ လူမျိုးတုံးသတ်ဖြတ်မှု (Genocide) ကျူးလွန်သူတွေကို ပြည်ဝင်ဗီဇာပိတ်ပင်တာတွေလုပ်ဖို့ဆိုတဲ့ အချက်တွေကို တိုက်တွန်းထားတာ တွေ့ရပါတယ်။ လက်ရှိမြန်မာအစိုးရအနေနဲ့ ဘင်္ဂါလီအရေးကို အာရုံစိုက်မှုမရှိဘူးလို့လည်း ဒီဇင်ဘာလ ၃၁ ရက်နေ့ ရက်စွဲနဲ့ သူ့ရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါသေးတယ်။ ဒ့ါအပြင် အခုလို လျစ်လျူရှုမှုဟာ ဘင်္ဂါလီလူမျိုးတွေရဲ့ ကံကြမ္မာကို ပိုဆိုးလာစေပြီး ဒီလိုဖြစ်ရတာဟာ မြန်မာအစိုးရတာဝန်ရှိသူတွေက ဘာတာဝန်ယူမှုမှ မရှိသလို ဘင်္ဂါလီတွေရဲ့ အခြေခံလူ့အခွင့်အရေးတွေကိုလည်း ဆက်ပြီး လျစ်လျူရှုထားတယ်လို့လည်း ဆိုပြန်ပါတယ်။ အဲဒီစကားတွေဟာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဝေဖန်လေ့ရှိသူတချို့ ပြောနေကျစကားတွေဖြစ်လို့ ဆီသည်မလက်သုတ်လို သိပ်တော့လည်း မထူးဆန်းဘူးလို့ ဆိုရမှာပါ။

အာမတ် ဟာဖစ် တိုဟီက ဘာကြောင့် ဒီလိုပြောတာလဲဆိုတာ စဉ်းစားကြည့်တော့ ဒီဇင်ဘာလ ပထမပတ်တုန်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းတွေကနေ စက်လှေတွေနဲ့ ပင်လယ်ကိုဖြတ်ပြီး အင်ဒိုနီးရှားနိုင်ငံကိုရောက်လာတဲ့ ဘင်္ဂါလီတွေကို လက်မခံနိုင်တာကြောင့် ဒေသခံ အင်ဒိုနီးရှားနိုင်ငံသားတစ်ရာကျော်က ဆန္ဒပြကြတဲ့အပေါ် နိုင်ငံရေးအမြတ်ထုတ်လိုတာကြောင့် ဖြစ်မယ်လို့ သုံးသပ်ရပါတယ်။

## ဘယ်သူတွေက လူနည်းစုလဲ

အာမတ် ဟာဖစ် တိုဟီရဲ့ မူရင်းပြောဆိုချက်မှာ ရိုဟင်ဂျာလို့ ဖော်ပြထားပါတယ်။ ပထမဆုံးသိဖို့လိုတာက မြန်မာနိုင်ငံမှာ ရိုဟင်ဂျာဆိုတဲ့လူမျိုး မရှိဘူးဆိုတာပါပဲ။ ဒီလိုဘာကြောင့် ပြောရသလဲဆိုရင် အင်မတန်မှ စည်းစနစ်ကြီးလှပါတယ်ဆိုတဲ့ နေမဝင်အင်ပါယာ ထူထောင်ခဲ့ကြတဲ့ နယ်ချဲ့ဗြိတိသျှတွေကိုယ်တိုင် ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းမှာတောင် ရိုဟင်ဂျာဆိုတဲ့ လူမျိုးအမည်မပါပါဘူး။ မြန်မာနိုင်ငံမှာ ရိုဟင်ဂျာဆိုတဲ့လူမျိုး မရှိဘူးဆိုတဲ့ မူဝါဒဟာ မြန်မာအစိုးရအဆက်ဆက် ကိုင်စွဲလာခဲ့တာဖြစ်ပါတယ်။ အာမတ် ဟာဖစ် တိုဟီ အပါအဝင် မြန်မာနိုင်ငံအကြောင်း ခြေခြေမြစ်မြစ်မသိဘဲ မြန်မာအစိုးရကို ဝေဖန်လေ့ရှိတဲ့သူတွေ မကြာခဏ ပြောလေ့ရှိတဲ့စကားက ဘင်္ဂါလီတွေကို လူနည်းစုလို့ ဆိုကြပါတယ်။ ဘူးသီးတောင်၊ မောင်တော သွားကြည့်ရင် ဘင်္ဂါလီက လူများစုဖြစ်နေတာ တွေ့ရပါလိမ့်မယ်။ ဒေသခံတွေကတောင် လူနည်းစုလို ဖြစ်နေပါတယ်။ သူပြောသလို လူမျိုးတုံးသတ်ဖြတ်မှုသာရှိရင် အဲဒီလောက် လူဦးရေများလာပါ့မလားဆိုတာ လောဂျစ်နည်းကျကျ စဉ်းစားကြည့်ရင်သိနိုင်ပါတယ်။ သမိုင်းမသိ၊ မြေပြင်မကြည့်ဘဲ ပြောနေတော့ အခြေအနေမှန်တွေနဲ့ ကင်းကွာသွားတာ ဖြစ်ပါတယ်။

## အမြတ်မထုတ်နဲ့

လူမျိုးတုံးသတ်ဖြတ်မှုဆိုတဲ့ခေါင်းစဉ်နဲ့ မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက ICJ မှာ တရားစွဲခဲ့တာ ပြီးခဲ့တဲ့ အစိုးရလက်ထက်ကတည်းက ဖြစ်ပါတယ်။ နိုင်ငံကို တရားစွဲတာဖြစ်လို့ ဘယ်အစိုးရတက်တက် ဖြေရှင်းရမှာ ဖြစ်ပါတယ်။ လက်ရှိ မြန်မာအစိုးရကလည်း ဒီအမှုကို ဥပဒေကြောင်းအတိုင်း စနစ်တကျ ရင်ဆိုင်ဖြေရှင်းနေတာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တစ်ဖက်နိုင်ငံကို ရောက်ရှိသွားတဲ့ ဘင်္ဂါလီလူမျိုးတွေကိုလည်း စိစစ်လက်ခံဖို့ ကြိုဆိုရေးစခန်းတွေနဲ့ စနစ်တကျ ပြင်ဆင်ထားသလို တစ်ဖက်နိုင်ငံနဲ့လည်း အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့၊ ပြုလုပ်နေဆဲလည်း ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော ဒုက္ခသည်များကို မြန်မာနိုင်ငံ၏ ဥပဒေအရ ပြန်လည်စိစစ်လက်ခံပေးသွားမည်ဖြစ်ပြီး ဥပဒေအရ ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတကာမှတစ်ဆင့် တောင်းဆို၍ လုပ်ဆောင်ခြင်းကို လက်ခံနိုင်ခြင်းမရှိပါ။ မိမိတို့အနေဖြင့် ဘင်္ဂါလီများကို လုံးဝလက်ခံနိုင်ခြင်းမရှိဟု ပြောကြားနေခြင်းမဟုတ်ဘဲ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခဲ့သည့် အထောက်အထားပြသနိုင်မည်ဆိုလျှင် လက်ခံပေးသွားမည်ဖြစ်ကြောင်း”(၁၇-၈-၂၀၂၂)ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးခဲ့စဉ်မှာလည်း ပြောကြားထားပြီးဖြစ်ပါတယ်။

ဒါပေမဲ့ တစ်ဖက်နိုင်ငံရဲ့ ဒုက္ခသည်စခန်းဆိုတဲ့အထဲမှာ အကြမ်းဖက်သမားတွေက စိမ့်ဝင်ပြီး မြန်မာနိုင်ငံဘက် ပြန်လိုကြတဲ့ ဘင်္ဂါလီတွေကို အမျိုးမျိုးခြိမ်းခြောက် နှောင့်ယှက်နေကြတာကြောင့် စီစဉ်ထားတဲ့အတိုင်း ဖြစ်မလာခဲ့တာဖြစ်ပါတယ်။ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးနဲ့ ပတ်သက်ပြီးတော့ ပြောချင်တာက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးကိစ္စဟာ နှစ်နိုင်ငံအကြား ဖြေရှင်းဆောင်ရွက်သွားရမယ့် ကိစ္စရပ်သာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်တွေနဲ့အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အိမ်နီးချင်းကောင်းပီသစွာ ဆက်လက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုလို ဖိအားပေးသလိုလို၊ ခြိမ်းခြောက်သလိုလို ပြောတာတွေဟာ တကယ့်လက်တွေ့မှာ အလုပ်ဖြစ်မှာ မဟုတ်ပါဘူး။

ဘင်္ဂါလီတွေဟာ နိုင်ငံသားမဟုတ်လို့၊ တိုင်းရင်းသားမဟုတ်လို့ ခွဲခြားဆက်ဆံမှုရှိသလားမေးရင် မရှိပါဘူးလို့ပဲ လိုတိုရှင်းဖြေရမှာဖြစ်ပါတယ်။ တိုင်းရင်းသားဆိုတာ ဖန်တီးယူလို့ရတဲ့အရာမျိုးလည်း မဟုတ်ပါဘူး။ နိုင်ငံသားဆိုတာကတော့ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီရင်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာလည်း နိုင်ငံသားဖြစ်ဖို့ဆိုတာ လွယ်လွယ်နဲ့ ရတတ်တာမျိုးမဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာလည်း ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေဆိုတာရှိပြီးဖြစ်ပါတယ်။ ဒီဥပဒေမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသားဆိုပြီး ဖော်ပြထားတာရှိပါတယ်။ ဘင်္ဂါလီတွေထဲကလည်း သတ်မှတ်ချက်နဲ့ ကိုက်ညီသူတွေဟာ နိုင်ငံသားပြုခွင့်ရနိုင်တာ ဖြစ်ပါတယ်။ မကြာသေးခင်ကပဲ ရခိုင်ပြည်နယ်မှာ အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပါတယ်။ ကြိုတင်ပြင်ဆင်မှုကောင်းတဲ့အတွက် အသေအပျောက်နည်းခဲ့ပေမယ့် အပျက်အစီးကတော့များပါတယ်။ ဒီအတွက်လည်း မြန်မာအစိုးရက တိုင်းရင်းသားရယ်၊ ဘင်္ဂါလီရယ် ခွဲခြားမှုမရှိဘဲ တစ်ပြေးညီ ထောက်ပံ့ကူညီခဲ့တာဖြစ်ပါတယ်။ ထိခိုက်ခံရသူအားလုံးရဲ့ ပြန်လည်ထူထောင်ရေးအတွက် တပ်မတော်အရာရှိကြီးတွေကိုယ်တိုင် အနီးကပ်ကွပ်ကဲပြီး အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။

နိုင်ငံတိုင်းမှာတော့ ပြဿနာတွေဟာ အနည်းနဲ့ အများသာ ကွာမယ်၊ ပုံစံအမျိုးမျိုးနဲ့တော့ ရှိနေကြတာပါပဲ။ ဒါဟာ ပြည်တွင်းရေးကိစ္စတွေဖြစ်လို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဝင်ရောက်စွက်ဖက်ဖို့ မသင့်ပါဘူး။ ဒါကြောင့်လည်း ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းမှာရော အာဆီယံရဲ့ ပဋိညာဉ်မှာပါ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရဘူးလို့ အတိအလင်းဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါမျိုးတွေ ဖြစ်လာနိုင်တာကြောင့် ပဋိညာဉ်ရေးဆွဲသူတွေက အမြော်အမြင်ရှိရှိ ထည့်သွင်းခဲ့တာဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကို ကြည့်မယ်ဆိုရင်လည်း နိုင်ငံတိုင်းဟာ ပဋိပက္ခနဲ့ထဲကနေ ထွက်လာခဲ့ကြတဲ့ နိုင်ငံတွေပါပဲ။ တစ်နိုင်ငံချင်းစီအလိုက် ကျင့်သုံးတဲ့စနစ်တွေကလည်း မတူကြပါဘူး။ ဒါကြောင့် မတူညီတဲ့စနစ်တွေရှိတဲ့ နိုင်ငံတွေ၊ မတူညီတဲ့ပဋိပက္ခတွေရှိတဲ့ နိုင်ငံတွေကြားမှာ အာဆီယံဆိုတဲ့ အသိုက်အဝန်းအောက်ကနေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ဆိုရင် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ အာဆီယံပဋိညာဉ်ကို ချိုးဖောက်ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို အာဆီယံအနေနဲ့ ဘယ်လိုအရေးယူပါဆိုပြီး တိုက်တွန်းတာမျိုးဟာ နောင်မှာ ကိုးကားစရာဖြစ်လာပြီး အာဆီယံအသင်းမှာ သွေးကွဲစရာတွေ ဖြစ်လာပါလိမ့်မယ်။

အင်ဒိုနီးရှား အောက်လွှတ်တော်ရဲ့ ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဒုဥက္ကဋ္ဌဖြစ်တဲ့ အာမတ် ဟာဖစ် တိုဟီဟာ ဒါတွေကို နားလည်ပြီးသား အရည်အချင်းပြည့်မီပြီးသားသူ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အာဆီယံပဋိညာဉ်ကို မျက်ကွယ်ပြုပြီး ပြည်တွင်းနိုင်ငံရေးမှာ အာရုံစိုက်ခံလိုမှု၊ တစ်ကိုယ်ရေထင်ပေါ်လိုမှုနဲ့ မြန်မာကို ခေါင်းစဉ်လာတပ်လိုက်တာလို့ပဲ ကောက်ချက်ဆွဲရမှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၇ သို့ ☆**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၅

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Dr. Md. Monwar Hossain အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

## သီရိမာလာကုန်စိမ်းဈေးသို့ တရုတ်ပြည်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်း



မန္တလေး ဇန်နဝါရီ ၅

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာ ကုန်စိမ်းလက်ကားဈေးအတွင်းသို့ တရုတ်ပြည်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း အဆိုပါဈေးအတွင်းရှိ အာလူးပွဲရုံများထံမှ သိရသည်။

**ပုံမှန်ဝင်ရောက်**

တရုတ်ပြည်မှ ဝင်ရောက်လာသည့် အာလူးများသည် မန္တလေးမြို့ သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကားအစီးရေ လေးစီးမှ ငါးစီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး လက်ရှိအချိန်တွင် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ အာလူးက တရုတ်ပြည်ကနေ ဝင်ရောက်လာတာပါ။ အောင်ပန်းဒေသက အာလူးတွေလည်း စတင်ဝင်ရောက်နေပါပြီ။ ကျန်တဲ့ဒေသကထွက်ရှိတဲ့ အာလူးတွေကတော့ ဝင်ရောက်မှု မရှိသေးပါဘူး။ အာလူးစိုက်ပျိုးတဲ့ တောင်သူတွေက ရာသီဥတုအခြေအနေကြောင့် မစိုက်ကြတာများပါတယ်။ စိုက်တဲ့သူ နည်းသွားပါတယ်။ တရုတ်ပြည်က ဝင်ရောက်လာတဲ့ အာလူးတွေက ဈေးကွက်အတွင်းမှာ အရောင်းအဝယ်ကောင်းပြီးတော့ ဈေးကောင်းရရှိနေပါတယ်" ဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံမှ ထွက်ရှိသည့် အာလူးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းအာလူးများ အရောင်းအဝယ်ကောင်းနေခြင်းနှင့်အတူ ကျန်သည့်ကုန်သီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ဘိုစားပဲနှင့် ပန်းမုန်လာတို့သည်လည်း ဈေးကောင်းများဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ လက်ရှိအချိန်တွင် ဈေးသို့ ကုန်မျိုးစုံ ဝင်ရောက်နေသည့် ကားအစီးရေမှာ နေ့စဉ်ပုံမှန် ဝင်ရောက်လျက် ရှိနေကြောင်း သိရသည်။

မောင်အေးချမ်း

## ရွှေကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

ရွှေကျင် ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ရွှေကျင်) ပညာရတနာခန်းမ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှမင်းသူက အဖွင့်အမှာစကားပြောကြားပြီး အထက(ရွှေကျင်) ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က ပညာရေးဆိုင်ရာအချက်အလက်များနှင့် စုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဉာဏစွမ်းရည်ဆုများ၊ ကာယစွမ်းရည်ဆုများရရှိသော ကျောင်းသားကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်နိုင်စိုး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဌေးနှင့်တာဝန်ရှိသူတို့က ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ကာ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်များ၊ အကအလှများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**



☆ စာမျက်နှာ ၆ မှ

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ဆိုရင်ပဲ အင်ဒိုနီးရှား အထွေထွေရွေးကောက်ပွဲလည်း ကျင်းပတော့မှာဖြစ်တဲ့အတွက် ဘင်္ဂါလီကိစ္စနဲ့ အချိန်ကိုက် မဲဆွယ်စည်းရုံးပြီး အမြတ်ထုတ်လိုက်ခြင်းသာဖြစ်မယ်လို့ ယူဆပါတယ်။ မြန်မာ့နိုင်ငံရေးအပေါ် ဝင်ရောက်စွက်ဖက်ပြီး အမြတ်မထုတ်ဖို့ သတိပေးလိုပါတယ်။

အင်ဒိုနီးရှားနိုင်ငံ Maluku ကျွန်းမှာ ၁၉၉၉ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်လောက်အထိ မွတ်စလင်–ခရစ်ယာန်ဘာသာနှစ်ခုကြား ထိပ်တိုက်တွေ့မှုတွေ ဖြစ်ခဲ့ကြဖူးပါတယ်။ အဲဒီ ပဋိပက္ခကြောင့် ပြည်သူတစ်ထောင်ဝန်းကျင် သေဆုံးခဲ့ပြီးတော့ တစ်သောင်းဝန်းကျင် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ဖူးတယ်ဆိုတာ အာမတ် ဟာဖစ် တိုဟီ တစ်ယောက် မမေ့လောက်သေးဘူးလို့ ထင်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာမှာ မွတ်စလင်ဘာသာဝင် အများစုနေထိုင်တဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒီလိုပဋိပက္ခဖြစ်တဲ့အချိန်မှာ မွတ်စလင်ဘာသာဝင်အများစုနဲ့ ခရစ်ယာန်ဘာသာဝင်အနည်းစုရှိတဲ့ အသိုက်အဝန်းကြား ပဋိပက္ခမဖြစ်အောင် မတားဆီးနိုင်ဘူးလား၊ အင်ဒိုနီးရှားတာဝန်ရှိသူတွေ ဒီအပေါ် အာရုံစိုက်မှုမရှိဘူး၊ အင်ဒိုနီးရှားအစိုးရက ဒီကိစ္စကို မျက်ကွယ်ပြုထားလား၊ အင်ဒိုနီးရှားအစိုးရကို အာဆီယံအနေနဲ့ ထိထိရောက်ရောက် အရေးယူဖို့ လိုအပ်နေပြီဆိုပြီးတော့

> **" အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကို ကြည့်မယ်ဆိုရင်လည်း နိုင်ငံတိုင်းဟာ ပဋိပက္ခနွံ့ထဲကနေ ထွက်လာခဲ့ကြတဲ့ နိုင်ငံတွေပါပဲ။ တစ်နိုင်ငံချင်းစီအလိုက် ကျင့်သုံးတဲ့စနစ်တွေကလည်း မတူကြပါဘူး။ ဒါကြောင့် မတူညီတဲ့စနစ်တွေရှိတဲ့ နိုင်ငံတွေ၊ မတူညီတဲ့ပဋိပက္ခတွေရှိတဲ့ နိုင်ငံတွေကြားမှာ အာဆီယံဆိုတဲ့ အသိုက်အဝန်းအောက်ကနေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ဆိုရင် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ အာဆီယံပဋိညာဉ်ကို ချိုးဖောက်ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို အာဆီယံအနေနဲ့ ဘယ်လိုအရေးယူပါဆိုပြီး တိုက်တွန်းတာမျိုးဟာ နောင်မှာ ကိုးကားစရာဖြစ်လာပြီး အာဆီယံအသင်းမှာ သွေးကွဲစရာတွေ ဖြစ်လာပါလိမ့်မယ် "**

အာဆီယံနိုင်ငံ တစ်နိုင်ငံကဖြစ်စေ၊ ခရစ်ယာန်ဘာသာဝင်အများစုရှိတဲ့နိုင်ငံကဖြစ်စေ တိုက်တွန်းခဲ့ရင် အာမတ် ဟာဖစ် တိုဟီ ဘယ်လိုတုံ့ပြန်မှာလဲ။ အဲဒီအချိန်က အာဆီယံနိုင်ငံထဲကရော အခြားပြင်ပနိုင်ငံတွေကပါ အာမတ် ဟာဖစ် တိုဟီရဲ့ မြန်မာအစိုးရအပေါ် ပြောသလိုမျိုးပြောတာ မတွေ့ခဲ့ရပါဘူး။

မြန်မာအစိုးရအဆက်ဆက်ကတော့ ကိုယ်ပါဝင်တဲ့ အဖွဲ့အစည်းတိုင်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်တာကြောင့် တစ်စုံတစ်ရာ ဝေဖန်တာမျိုး မရှိခဲ့ပါဘူး။ အခုလည်း မရှိသလို နောင်လည်းရှိလာမှာမဟုတ်ပါဘူး။ ဒီလိုပြောလို့ မြန်မာအစိုးရအနေနဲ့ အထိမခံ ရွှေပန်းကန်လို မဟုတ်ပါဘူး။ မဝေဖန်ရဘူး မဟုတ်ပါဘူး။ ပြဿနာတစ်ရပ်ကို ပိုပြီးကြီးထွားလာအောင် လှုံ့ဆော်ပေးတာမျိုးထက်အပြုသဘောဝေဖန်ထောက်ပြတာမျိုးဖြစ်ဖို့လိုပါတယ်။ ပြဿနာတစ်ရပ် ပြေလည်ရေးကို ဦးတည်တဲ့ အပြုသဘော ဝေဖန်ထောက်ပြတာမျိုးကို ကြိုဆိုပါတယ်။ ဒီလိုမဟုတ်ဘဲ ငယ်တဲ့အမှုကြီးအောင်၊ ကြီးတဲ့အမှုရှင်းမရအောင် လှုံ့ဆော်တဲ့ဝေဖန်မှုမျိုး၊ အာဆီယံပဋိညာဉ်ကို ကျော်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တဲ့ဝေဖန်မှုမျိုးကိုတော့ လက်ခံနိုင်မှာမဟုတ်ပါဘူး။

အာမတ် ဟာဖစ် တိုဟီ အနေနဲ့ ဆန္ဒရှိရင် မြန်မာနိုင်ငံကို လာလည်လို့ရပါတယ်။ တစ်ဖက်နိုင်ငံကို ရောက်ရှိသွားတဲ့ ဘင်္ဂါလီတွေ နေရပ်ပြန်ရေးအတွက် ဘယ်လိုပြင်ဆင်ထားတယ်ဆိုတာ သိချင်ရင် မြန်မာအစိုးရ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးလို့ရပါတယ်။ အပြုသဘော အကြံပေးလို့ရပါတယ်။ အဲဒီလိုမဟုတ်ဘဲ မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်စမ်းသလို ကိုယ်သိတာလေးနဲ့ ကိုယ်ထင်ရာ ပြောနေရင်တော့ ဖြစ်ရပ်မှန်နဲ့ ဝေးနေဦးမှာဖြစ်ပါတယ်။ အာမတ် ဟာဖစ် တိုဟီကို ပြောချင်တာက သမိုင်းကိုသိ၊ မြေပြင်ကိုကြည့်ပြီးမှ ဝေဖန်ရေးလုပ်ပါဆိုတာပါပဲ။ ဒီလိုမဟုတ်ဘဲ ပြည်တွင်းနိုင်ငံရေး အမြတ်ထုတ်လိုတာတစ်ခုတည်းနဲ့ အာဆီယံရဲ့ ပဋိညာဉ်ကို ချိုးဖောက်တာမျိုး မဖြစ်ရလေအောင် သတိပြုသင့်ပါတယ်။ ဆိုလိုရင်းပြောရရင် မြန်မာ့နိုင်ငံရေးကနေ အမြတ်ထုတ်ဖို့ ကြိုးစားနေတာလားလို့ ရွေးကောက်ပွဲအကြို စစ်တမ်းထုတ်ပြီး မေးလိုက်ချင်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတက်ရောက်





**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး ပြောကြားသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ်နှင့် နိုင်ငံတော် တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့အချိန်တွင် မသမာသူ အဖျက်သမားများက မီဒီယာလုပ်ငန်းများကိုအသုံးချ၍ သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်ကာ ပြည်သူများအား အသိအမြင် လွဲမှားစေရန် သတင်းအဆိပ်ခတ် ဆောင်ရွက် နေကြပါကြောင်း၊ သတင်းတု၊ သတင်းမှားများသည် အင်မတန် အန္တရာယ်ရှိပါကြောင်း၊ ဖေ့စ်ဘွတ် စာမျက်နှာများပေါ်မှ အများစု သတင်းများသည် တစ်ဖက်သတ် ဘက်လိုက်၍ အဆိပ်အတောက် ဖြစ်စေသည့် သတင်းမှားများကို ဖော်ပြနေကြပါကြောင်း၊ ထို့ကြောင့် ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် သတင်းတု၊ သတင်းမှားတိုက်ဖျက်ရေးနှင့် ပြည်သူလူထုထံ သတင်းမှန်များ မှန်ကန်စွာစီးဆင်းရေး အတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေပါကြောင်း။

နိုင်ငံတော်အစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့သော်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ဖြစ်ပွားနေသောစစ်ပွဲများကို အကြောင်းပြု၍ အကြမ်းဖက်သမားများက မိမိတို့ဒေသရှိ ပြည်သူများ၏မျက်နှာကို မထောက်ထားဘဲ အကြောင်းမဲ့ ဖျက်ဆီး တိုက်ခိုက်မှုများမှာ လွန်စွာလွဲမှားသော လုပ်ရပ်ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ စစ်ဘေးရှောင်စခန်းများ၌ ဒုက္ခဆင်းရဲစွာ နေထိုင်နေရကြောင်း၊ အဖျက်လုပ်ရပ်များကို လုပ်ဆောင်ရာတွင် လွယ်ကူသော်လည်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက ငွေကြေးအရင်းအနှီးများ၊ အချိန်ကာလများပါ ပေး၍ တည်ဆောက်ရမည် ဖြစ်သဖြင့် နိုင်ငံအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ လွန်စွာ နစ်နာနိုင်သည်ကို သိမြင်ကြရန်လိုပါကြောင်း။

ယနေ့ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများသည် အနာဂတ် နိုင်ငံတော်၏ သားကောင်းများဖြစ်၍ မိမိတို့တန်ဖိုးထားပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့်လည်း ပညာရေးကဏ္ဍကို အထူးအလေးထား တိုက်တွန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကို တိုးတက်အောင် ကြိုးစားဆောင်ရွက်ပြီး တစ်ဖက်ကလည်း မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ မီဒီယာကိုလည်း အကျိုးရှိသည့်နေရာများတွင် အသုံးချစေလိုပါကြောင်း၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် ပကတိအခြေအနေများကို အသိတရားဖြင့် ရှုမြင်သုံးသပ်ပေး၍ ယုံကြည်ကြစေလိုကြောင်း၊ နိုင်ငံကိုချစ်သည့်စိတ်၊ နိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးကို လိုလားသည့် စိတ်တို့ဖြင့် အကြမ်းဖက် လုပ်ရပ်များကို ဝိုင်းဝန်းဆန့်ကျင် တိုက်ဖျက်ကြရမည် ဖြစ်ပါကြောင်း၊ အကောင်းနှင့်အဆိုးကို မျှဝေခံပြီး လာမည့်ကာလတွင် နိုင်ငံတော်က အားကိုးရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်အောင် ကြိုးစားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ စာပေဗိမာန်မှ ထုတ်ဝေသည့် သုတ၊ ရသ စာအုပ်များကို ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

## သရက်ချောင်းမြို့နယ် ကျောက်ဆည်ကျေးရွာ၌ ဆိပ်ခံတံတား ဆောက်လုပ်ပြီးစီး

**သရက်ချောင်း ဇန်နဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျောက်ဆည်ကျေးရွာ၌ ကမ်းနီးရေလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုဖြင့် မြစိမ်းရောင် (ငါးကဏ္ဍ)စီမံကိန်းအတိုးရငွေဖြင့် ဆိပ်ခံတံတား ကွန်ကရစ်ခင်းခြင်းနှင့် ထောက်တိုင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

**ငွေကျပ် သိန်း ၁၀၀ ဖြင့် ဆောင်ရွက်**

သရက်ချောင်းမြို့နယ် ကျောက်ဆည်ကျေးရွာရှိ မြစိမ်းရောင် (ငါးကဏ္ဍ)စီမံကိန်းအတိုးရငွေဖြင့် ယခင်ကတည်ဆောက်ခဲ့သော (၆၀x၁၂x၁၂)ပေရှိ ဆိပ်ခံတံတား အပြီးသတ်လုပ်ငန်း တည်ဆောက်နိုင်ရန် မြစိမ်းရောင် (ငါးကဏ္ဍ)စီမံကိန်းအတိုးရငွေမှ ငွေကျပ် သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၅ ရက်ထုတ် ကြေးမုံသတင်းစာပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၃ / ၂၀၂၄)၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) အမှတ်စဉ် (၈၉၇) ဦးကျော်နိုင် (အစား) ဦးကျော်နီနိုင် ဟု ပြင်ဆင်ဖတ်ရှုပါရန် ။

**စာတည်းအဖွဲ့**



## လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆရာအတတ်ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ်၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက လှည်းကူးပညာရေးဒီဂရီကောလိပ်၊ ပညာ့အားမာန်ခန်းမနှင့် ကာယကြံ့ခိုင်မှုလေ့ကျင့်ကွင်းတို့၌ ကျင်းပခဲ့သည်။

**ပြောကြား**

ဦးစွာ ကျပန်းစကားပြောပြိုင်ပွဲတွင် မြန်မာစာဌာနမှ ပါမောက္ခ ဒေါ်လှိုင်လှိုင်စိုးက အမှတ်ပေးစည်းမျဉ်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ကျပန်းစကားပြောပြိုင်ပွဲကိုကျင်းပရာ လွတ်လပ်ရေးနေ့နှင့်ပတ်သက်သည့် ခေါင်းစဉ်ခုနစ်မျိုးဖြင့် ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ဆန်ကောရွက်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပြိုင်ပွဲ၊ ဘောလုံးပစ်ပြိုင်ပွဲ၊ သုံးချောင်းထောက်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲများကို ကျင်းပခဲ့ရာ လှည်းကူးပညာရေးဒီဂရီကောလိပ်ရှိ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို လှည်းကူးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးအေးနွဲ့(ပြန်/ဆက်)**

## အုန်းသီးမှ အုန်းမှုတ်ခွက်မီးသွေးထုတ်ရန် မြန်မာ့အုန်းသီးကို တရုတ်ဝယ်ယူနေ

**ရန်ကုန် ဇန်နဝါရီ ၅**

အုန်းသီးမှ အုန်းမှုတ်ခွက်မီးသွေးထုတ်ရန် မြန်မာ့အုန်းသီးကို တရုတ်ကဝယ်သဖြင့် အဝယ်လိုက်နေကြောင်း အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ သိရသည်။

"အုန်းမှုတ်ခွက်မီးသွေးက ပြည်ပဈေးကွက်ကို တော်တော်တိုးတယ်။ အုန်းမှုတ်ခွက်မီးသွေးဆိုတာ အုန်းသီးမှာအသားကို ယူလိုက်တဲ့အခါ အုန်းမှုတ်ခွက်ကျန်တယ်။ အခြေခံကတော့ ကာဗွန်ထုတ်တာပါ။ မီးသွေးဖုတ်လိုက်တာ။ အဲဒါက ပြည်ပဈေးကွက်မှာ တော်တော်တွင်ကျယ်တယ်။ တရုတ်က ရသလောက်ဝယ်နေတာ။ အဲဒီဈေးကွက်က နည်းနည်းကြီးတယ်" ဟု ပုသိမ်မြို့ ဗိုလ်အုန်းသီး အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးသန့်စင်က ပြောသည်။

ထို့ပြင် လက်ရှိကာလတွင် နွေဦးပေါက်မည့်ကာလဖြစ်သဖြင့် အုန်းသီးဈေးနှုန်းများတက်လျက်ရှိပြီး ဝယ်လိုအားများတက်လျက်ရှိကြောင်း သိရသည်။

" နွေပေါက်လာတော့ ဝယ်သူတွေများတယ်။ ဈေးတက်တယ်။ အုန်းသီးက အောက်မှာ ၁၀၀ တက်ရင် မြို့မှာ ၁၀၀ တက်တယ်။ အောက်မှာ ၂၀၀ တက်ရင် မြို့မှာ ၂၀၀ တက်တယ်။ လက်ကားဈေး တစ်လုံးကိုရောင်းတာကတော့ ကျပ်၁၀၀၀ ဝန်းကျင်လောက်ရှိတယ်။ လက်လီဈေးက တစ်လုံးစ နှစ်လုံးစဆိုရင် ကျပ်၁၂၀၀၊ ကျပ် ၁၄၀၀၊ ကျပ် ၁၅၀၀ အမျိုးအစားပေါ်မူတည်တယ်" ဟု ဦးသန့်စင်က ပြောသည်။

မြန်မာ့အုန်းသီးဈေးကွက်တွင် မန္တလေးဈေးကွက်မှာ အကြီးဆုံးဖြစ်ပြီး တရုတ်နှင့်ထိုင်းတို့က မန္တလေးမှတစ်ဆင့် ဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က မန္တလေးကိုပို့တယ်။ မန္တလေးကတစ်ဆင့် တရုတ်ပြည်ကိုသွားတယ်။ မြဝတီကိုပို့လိုက်တယ်။ မြဝတီက တစ်ဆင့် ထိုင်းဘက်ကိုသွားတယ်။ ဘင်္ဂလားဒေ့ရှ်ကလည်း တက်ဝယ်တယ်။ သူတို့က သင်္ဘောတွေမှာတက်ဝယ်တာ။ ပြည်ပကို ပို့တာတော့ ရာသီချိန်ပေါ့။ မိုးကုန်မှ ပြည်ပကိုပို့တာ။ မိုးမကုန်မချင်းကတော့ ပြည်တွင်းမှာပဲရောင်းတယ်" ဟု တစ်နှစ်လျှင် အုန်းသီးတန်ချိန်ထောင်ကျော်အား ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးလျက်ရှိသော အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**သစ်တော်**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ တောင်ကြီးတက္ကသိုလ်တွင် အေးချမ်းပျော်ရွှင်စွာပညာသင်ကြား၊ သင်ယူနေကြသည့် လွိုင်ကော်တက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်တို့မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်၊ လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ တောင်ကြီးပညာရေးဒီဂရီ ကောလိပ်ကျောင်းအုပ်ကြီးနှင့် ရှမ်းပြည်နယ် ပညာရေး ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးတက္ကသိုလ်သို့ သွားရောက်၍ စာသင်ခန်း များတွင် အေးချမ်းစွာ ပညာသင်ကြား၊ သင်ယူနေကြ သည့် လွိုင်ကော်တက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ် တို့မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြား သည်။

**ဆက်လက်ကြိုးစားနေရန်လို**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အခက် အခဲဖြင့် ရင်ဆိုင်တွေ့ကြုံရသည့်တိုင် စိတ်ဓာတ် မကျဘဲ ပညာအရည်အသွေး တိုးတက်မြင့်မားရေး အတွက် ဆက်လက်ကြိုးစားနေရန်လိုကြောင်း၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ ကြုံတွေ့ ရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ပညာရေးဝန်ကြီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပံ့ပိုးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် တောင်ကြီးမြို့ အမှတ်(၁၃) အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာမူလ တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာမူလတန်း ကျောင်းများသို့ သွားရောက်၍ ကျောင်းအတွင်း တည်ဆောက်နေသည့် စာသင်ဆောင်များကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင် ရွက်ပေးကာ စာသင်ခန်းအတွင်း အေးချမ်းပျော်ရွှင် စွာ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီး မြို့နယ် အေးသာယာမြို့ရှိ အမှတ်(၁)အခြေခံပညာ နှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း သို့သွားရောက်၍ ကျောင်းအတွင်း စိုက်ပျိုးထားသည့် စိုက်ခင်းများ၊ တည်ဆောက်နေဆဲ စာသင်ဆောင်



အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ကျောင်းစာသင်ခန်းများတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပညာရပ်များ အေးချမ်းစွာ သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာအခြေခံပညာ နှင့် စက်မှု၊စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များကို အာရုံစူးစိုက်သင်ယူ၍ ထူးချွန်သည့်နိုင်ငံ့သားကောင်း များဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့ သင်ယူနေသည့်ဘာသာရပ်များသည် နိုင်ငံတော် အတွက် အမှန်တကယ်လိုအပ်ပြီး ဒေသဖွံ့ဖြိုးရေး အတွက် အထောက်အကူပြုသဖြင့် ကြိုးကြိုးစားစား လေ့လာသင်ယူကြစေလိုကြောင်း ပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ပြည်မြို့ ပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်နှင့် ပန်းတောင်းမြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားများ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်သူ့ဆေးရုံ ကြီး ငါးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသ ကွပ်ကဲရေးစစ်ဌာနချုပ် (ပြည်)မှ ဒေသကွပ်ကဲရေး စစ်ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဆန်းဌေးမောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာ အကြီးအကဲများ၊ အထူးကုဆရာဝန်ကြီးများ၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ် ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ နှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး**

ဦးစွာ ပြည်မြို့ ပြည်သူ့ဆေးရုံကြီး ငါးထပ် ကုသဆောင်သစ်ကို ပြည်ထောင်စုဝန်ကြီး၊ တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် များ ပက်ဖျန်းပေးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ ဖွင့်လှစ်သည့် ငါးထပ်ကုသဆောင်သစ်အပြင် ပဲခူး တိုင်းဒေသကြီးအတွင်း၌ ပန်းတောင်းမြို့ လက်ပံတန်း မြို့၊ ကြို့ပင်ကောက်မြို့နှင့် နတ္တလင်းမြို့တို့၌ ကုသ ဆောင်သစ်များ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယခုကဲ့ သို့ အခြေခံအဆောက်အအုံများ ဖြည့်ဆည်း ဆောင်ရွက်ပေးသကဲ့သို့ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များကိုလည်း ဘက်ပေါင်းစုံမှ မွေးထုတ် ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၏ ဆေးကုသမှုအရည်အသွေး မြှင့်တင်ရေးအတွက် လည်း နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ခုတင် (၅၀၀) ဆံ့



ပြည်သူ့ဆေးရုံကြီးနှစ်ရုံအပါအဝင် ဆေးရုံပေါင်း ၁၁၂ ရုံ ဖွင့်လှစ်ထားပြီး လူနာခုတင် ၃၆၆၂ ခုတင်အထိ လက်ခံကုသပေးနိုင်ကြောင်း၊ ပြည်မြို့အတွက် သာမက ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းနှင့် မကွေး တိုင်းဒေသကြီးတို့ရှိ မြို့နယ်များကပါ လွှဲပြောင်း ကုသဆောင်ရွက်နိုင်မည့် ခုတင် (၅၀၀)ဆံ့ ပြည်သူ့ ဆေးရုံကြီးဖြစ်သည်နှင့်အညီ ပြည်မြို့တွင် ပြည်သူ့ ဆေးရုံကြီး အထူးကုဌာန ၁၃ ခု ဖွင့်လှစ်ကာ အထူးကု ဆရာဝန်များသာမက လက်ထောက်ဆရာဝန်၊ သူနာပြု ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများလည်း အများအပြား ဖြည့်ဆည်းထားကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုပိုမို ကောင်းမွန်စေရေးအတွက် အထူးကုပြင်ပလူနာ ဌာနများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကု ကွင်းဆင်းကုသမှုခရီးစဉ်များဖြင့်လည်း အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း၊ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက်လည်း ဆေးကုသမှုဆောင်ရွက်ပေးသည့်အပြင် မိမိအိတ်ထဲ မှ စိုက်ထုတ်ရသည့် ကုန်ကျစရိတ်များအတွက် ဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ ယခုဖွင့်လှစ်သည့် ဆေးရုံကြီးရေရှည် တည်တံ့ခိုင်မြဲအောင် ကျန်းမာရေးဝန်ထမ်းများ အားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလို ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် က ပြည်သူ့ဆေးရုံကြီးနှင့် အခြားသောပြည်သူ့ ဆေးရုံများအတွက် လိုအပ်သည်များ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီး ဌာနမှူး ဒေါက်တာသီဟနှင့် ပြည်မြို့ ပြည်သူ့ ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးတို့က ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်ကာ ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသ ကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ငါးထပ် ကုသဆောင်သစ်အတွင်း အရေးပေါ်နှင့် ပြင်ပလူနာ ဌာန၊ ပုံရိပ်ဖော်ရောဂါရှာဖွေရေးဌာန၊ ခွဲစိတ်ခန်းများ၊ အထူးကြပ်မတ်ကုသခန်းများ၊ ခွဲစိတ်ကုသဆောင်၊ အစည်းအဝေးခန်းမနှင့် အခပေးလူနာခန်းများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

**လုပ်ငန်းများပြီးစီးခဲ့**

အဆိုပါဖွင့်လှစ်သည့် ငါးထပ်ကုသဆောင်သစ် သည် ပေ ၂၄၀ x ၆၇ ပေ အကျယ်အဝန်းရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူး အဖွဲ့(၃) အား လုပ်ငန်းအပ်နှံ၍ ၂၀၂၁ခုနှစ် ဧပြီ ၂၀ ရက်တွင် စတင်ဆောက်လုပ်ခဲ့ကာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့ သည်။ စီမံကိန်းတန်ဖိုး ငွေကျပ် ၄၇၃၅ ဒသမ ၇ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ပြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲခန်း၊ ခွဲစိတ် ခန်း ခုနစ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်(ICU)၊ ခွဲစိတ်လူနာကုသဆောင်၊ သားဖွားမီးယပ်လူနာကုသ ဆောင်၊ အစည်းအဝေးခန်းများနှင့် သီးသန့်လူနာခန်း များပါဝင်ကာ လူနာများ အဆင်ပြေစေရေးအတွက် ဓာတ်လှေကား နှစ်စင်းလည်း တပ်ဆင်ထားကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံ၊ ပန်းတောင်းမြို့ နှစ်ထပ်ကုသဆောင်သစ် ဖွင့်လှစ် ပွဲသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သီဟက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင် များပေးအပ်ပြီး နှစ်ထပ်ကုသဆောင်သစ်ကို လှည့်လည် ကြည့်ရှုခဲ့ကြသည်။

အဆိုပါဖွင့်လှစ်သည့် နှစ်ထပ်ကုသဆောင်သစ် သည် ပေ ၁၂၀ x ၅၆ ပေ အကျယ်အဝန်းရှိပြီး ၂၀၁၉ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ကာ ၂၀၂၃ ခုနှစ် မတ်လ တွင် လုပ်ငန်းများပြီးစီးခဲ့သည်။ စီမံကိန်းတန်ဖိုး ငွေကျပ် ၃၈၈ ဒသမ ၃၀၄ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ပြီး အရေးပေါ်ဌာန၊ သွားနှင့်ခံတွင်း ဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ မွေးကင်းစကလေး ကုသဌာန၊ ခွဲစိတ်ခန်းနှစ်ခန်း၊ မွေးဖွားခန်း၊ ဆေးပေး ခန်း၊ လူနာဆောင်၊ ရုံးခန်းနှင့် ဆေးစတိုများ ပါဝင် ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၅**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌ အကယ်ဒမီရန်အောင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ခန်းမ၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ထူးချွန်ဆုပေးပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ယခုအချိန်တွင် လုပ်ငန်းအများအပြား ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကယ်ဒမီ ရွေ့စင်ရုပ်တုတွင် တပ်ဆင်မည့် ရွှေကြယ်များနှင့် အကယ်ဒမီပေးပွဲကို တက်ရောက်လာကြမည့် အကယ်ဒမီဆုရ အနုပညာရှင်၊ အတတ်ပညာရှင်များကို ရွှေစင်ရုပ်တု ရင်ထိုးတံဆိပ်များ ပေးအပ်နိုင်ရေးအတွက် လိုအပ်သည့်ရွှေများကို နိုင်ငံတော်က ကျခံသွားမည်ဖြစ်ပြီး လုပ်ငန်းအပ်နှံခြင်းကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

Forever Group Co.,Ltd. အနေဖြင့် အဓိကကူညီပံ့ပိုးသူအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်သည့် အတွက် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုခြင်းကို ဇန်နဝါရီ ၃ ရက်က ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ဇာတ်ကားစိစစ်အကဲဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဇာတ်ကား ၃၅ ကားကို စိစစ်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ရွေးချယ်ထားသည့် ဇာတ်ကား ၁၂ ကားကို ဇန်နဝါရီ ၃ ရက်က အပြီးအစီး စိစစ်ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရပါကြောင်း။

**အပြီးသတ် ရွေးချယ်ပြီးဖြစ်**

ရွှေကြိုမောင်မယ်ရွေးချယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နောက်ဆုံးဆန်ခါတင်အနေဖြင့် ရွှေကြိုမောင်မယ် အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၁၃ ဦးတို့ကို အပြီးသတ် ရွေးချယ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုနှစ်၏ ထူးခြားမှုအနေဖြင့် ရွှေကြိုများကို ရွေးချယ်ခြင်းအပြင် ရုပ်ရှင်အနာဂတ်အတွက် သရုပ်ဆောင်များကို မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ရွှေကြိုရွေးချယ်ရေးအဖွဲ့၊ ရုပ်ရှင်ထုတ်လုပ်ရေးများနှင့် ရုပ်သံလိုင်းများမှ သရုပ်ဆောင် ၄၃ ဦးကို ရွေးချယ်ထားကြောင်း သိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါကြောင်း။

၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ပတ်သက်၍ နေပြည်တော် MICC-1 ခန်းမတွင် မီး၊ အသံ၊ ကင်မရာ ပြင်ဆင်ခြင်းအပိုင်းများကို ဇန်နဝါရီ ၂၈ ရက်တွင် အပြီးတပ်ဆင်သွားမည်ဖြစ်ပြီး Technical Rehersal ကို ဇန်နဝါရီ ၂၉ ရက်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များ အချိန်မီ ပြီးစီးအောင်မြင်ရန်အတွက် ယခင်နှစ် အတွေ့အကြုံများအပေါ် အခြေခံပြီး လိုအပ်ချက်များကို ကော်မတီများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခုနှစ် အကယ်ဒမီဆုပေးပွဲ ကျင်းပမည့် MICC-1 ရှိ ကျောက်စိမ်းခန်းမသည် လူဦးရေ ၁၄၀၀ ဝင်ဆံ့ပါကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီများတွင်လည်း နေပြည်တော်ကောင်စီမှ အရာရှိများ ပါရှိပါကြောင်း၊ ယခင်နှစ် အတွေ့အကြုံလည်းရှိပြီးဖြစ်၍ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့က မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ပူးပေါင်းပါဝင် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး ဦးစီးကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားအတွက် ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက/ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌများ၊ တက်ရောက်လာကြသူများက ပါဝင်တင်ဆက်သွားမည့် အစီအစဉ်များ၊ တေးသီချင်းများ အပါအဝင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သီရိ ငါးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနရုံးများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သီရိ ငါးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနရုံးများသို့ သွားရောက် စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ မြန်မာ့စီးပွားရေးဘဏ် ပုဗ္ဗသီရိမြို့နယ်ဘဏ်ခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အစိုးရအဖွဲ့အစည်းများနှင့် ဘဏ်နှင့်ဆက်သွယ်လာသူပုဂ္ဂလိကများသို့ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ခေတ်အဆက်ဆက် ယုံကြည်စိတ်ချစွာဆောင်ရွက်ပေးနေသည့် နိုင်ငံပိုင်ဘဏ်ကြီးဖြစ်၍ ဘဏ်လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ၊ ငွေစုဘဏ်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများနှင့်အညီ စနစ်တကျ ဂရုတစိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဘဏ်နှင့်ဆက်သွယ်လာသူများအား ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် လွယ်ကူလျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေးနှင့် ပင်စင်လစာ ထုတ်ယူသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များ၊ ဘဏ်နှင့်ဆက်သွယ်လာသူများ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပိုမိုအဆင်ပြေချောမွေ့စွာဖြည့်ဆည်းဆောင်ရွက်ပေးကြရန်တို့ကို မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုဗ္ဗသီရိခရိုင်ဘဏ်ခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အနေဖြင့် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသည့် ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝတိုးမြှင့်လာရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေများကို နည်းလမ်းအမျိုးမျိုးဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်မီရေးအတွက် တောင်သူများ၏ချေးငွေလိုအပ်ချက်များကို အဓိကဖြည့်ဆည်းပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အဓိကတာဝန်နှစ်ရပ်မှာ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်နှင့် လယ်ယာဖွံ့ဖြိုးရေးချေးငွေများကို ထုတ်ချေးရန် နှင့် သတ်မှတ်ကာလအတွင်း ပြန်လည်ကောက်ခံရန်ဖြစ်ကြောင်း၊ ယင်းတာဝန်များကို ရေရှည်ဆောင်ရွက်နိုင်စေရန် ကြွေးဟောင်းပြေကျေမှ ကြွေးသစ်ပေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ကြွေးဟောင်းများ ကောက်ခံရရှိရေးအတွက် နယ်မြေဒေသအုပ်ချုပ်မှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ လုပ်ငန်းစီမံချက်နှစ်ခုဖြစ်သည့် ကြွေးကျန်လျော့နည်းကျဆင်းရေးစီမံချက်နှင့် အလွဲသုံးစားမှု လျော့နည်းပပျောက်ရေးစီမံချက်တို့ကို အောက်ခြေဝန်ထမ်းများ သိရှိနားလည်လိုက်နာရေး ဆောင်ရွက်ရန် ဖြစ်ကြောင်းမှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သီရိ ငါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးသို့ သွားရောက်စစ်ဆေးပြီး အခွန်ရငွေများ တိုးမြှင့်ကောက်ခံရရှိနိုင်ရေးအတွက် အခွန်နှုန်းများကို တိုးမြှင့်ခြင်း မပြုဘဲ အခွန်ကောက်ခံနိုင်သည့်အခွန်အခြေ တိုးချဲ့ဖော်ထုတ်နိုင်သည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ရေး၊ လျာထားချက်ထက်ပြည့်မီကျော်လွန်အောင် ကောက်ခံနိုင်မည့်အခြေအနေများ၊ တိုးတက်လာသည့်နည်းပညာများကိုအသုံးပြု၍ အခွန်တိုးချဲ့ကောက်ခံနိုင်မည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရန်တို့ကို မှာကြားခဲ့ပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ၏ မိသားစုဝင်များနည်းတူ လွန်စွာဝမ်းမြောက်ပီတိဖြစ်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက် (၁/၂၀၂၄)**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၁/၂၀၂၄)ဖြင့် အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၉၆၅၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၂/၂၀၂၄) ဖြင့် အကျဉ်းထောင်/ အချုပ်ထောင် အသီးသီးတွင် ပြစ်ဒဏ် ကျခံနေရသည့်နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူ ၁၁၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

၃။ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား / အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရကြမည်ဖြစ်ပြီး နိုင်ငံတော်၏စေတနာကို အလေးထားလျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်နိုင်မည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်ပါသည်။

၄။ နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး လွတ်ငြိမ်းခွင့်ပြုခြင်းသည် ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ နိုင်ငံအချင်းချင်းဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်ရာရောက်သည်ဟု ရှုမြင်ပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ၏ သက်ဆိုင်ရာမိသားစုဝင်များနည်းတူ လွန်စွာဝမ်းမြောက်ပီတိဖြစ်ရပြီး အလားတူ အပြုသဘောဆောင်သော ဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် သိုလှောင်ထုပ်ပိုးခြင်း အလုပ်ရုံဖွင့်လှစ် စိတ်ဝင်စားမှုတူညီရာအဖွဲ့ (CIGs)များနှင့် သမဝါယမအသင်းများသို့ မတည်ရန်ပုံငွေနှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့

**နေပြည်တော် ဇန်နဝါရီ ၅**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁)ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "မျှစ်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုအပေါ်အခြေခံ၍ ကျေးလက်နေအိမ်ထောင်စုများ၏ လူမှုဘဝ ဝင်ငွေ ရရှိနိုင်မှု မြှင့်တင်ပေးနိုင်ရေးဆိုင်ရာစီမံကိန်း" ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် သိုလှောင်ထုပ်ပိုးခြင်း အလုပ်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ် (၁၅) ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ စိတ်ဝင်စားမှုတူညီရာအဖွဲ့ (CIGs) ခုနစ်ဖွဲ့မှ တောင်သူကိုယ်စားလှယ်များ၊ သမဝါယမအသင်းများ၊ နေပြည်တော်ဝါးစိုက်ပျိုးရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့မှ မြို့နယ်စိုက်ပျိုးရေးတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က သိုလှောင်ထုပ်ပိုးခြင်းအလုပ်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ကမ္ဗည်းမော်ကွန်း ကြေးပြားအား နံ့သာရည်ပက်ဖျန်းကြပြီး သိုလှောင်ထုပ်ပိုးခြင်း၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် လက်တွေ့သရုပ်ပြသနေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။



ယင်းနောက်ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ဆက်လက်ကျင်းပသည့် ရန်ပုံငွေနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများပေးအပ်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်ခဲ့သည့် သိုလှောင်ထုပ်ပိုးခြင်း အလုပ်ရုံတွင် စီမံကိန်းလုပ်ငန်းများ ရေရှည်ဆောင်ရွက်နိုင်ရန်အတွက် အခြောက်ခံစက်၊ လေစုပ်အိတ်ပိတ်စက်၊ နီးဖြာစက်၊ မျှစ်လှီးစက်များကိုထားရှိပြီး လုပ်ငန်းများလည်ပတ်နိုင်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့စေရေးကို အလေးပေးစီမံထားခြင်းဖြစ်ပါကြောင်း၊ ယခုစီမံကိန်းအောင်မြင်မှုများမှတစ်ဆင့် ကျေးရွာတစ်ရွာ၊ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်သည့်အဆင့်အထိ စဉ်ဆက်မပြတ်ပညာပေး မျှဝေသွားနိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ အဆိုပါလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် စိတ်ဝင်စားမှုတူညီရာအဖွဲ့(CIGs) များနှင့် သမဝါယမအသင်းများသို့ မတည်ရန်ပုံငွေနှင့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်၍ လက်ခံရရှိသည့် စိတ်ဝင်စားမှုတူညီရာအဖွဲ့(CIGs) များနှင့် သမဝါယမအသင်းများအနေဖြင့် ယင်းလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများကို အကျိုးရှိစွာ အသုံးချသွားကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

အစီအစဉ်အရ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မဲခါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့သော "မျှစ်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံ၍ ကျေးလက်နေအိမ်ထောင်စုများ၏ လူမှုဘဝဝင်ငွေ ရရှိနိုင်မှုမြှင့်တင်ပေးနိုင်ရေးဆိုင်ရာစီမံကိန်း" အရ သိုလှောင်ထုပ်ပိုးခြင်း အလုပ်ရုံဖွင့်ပွဲအခမ်းအနား ရန်ပုံငွေနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများ ပေးအပ်ပွဲအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပျဉ်းမနားမြို့နယ်အတွင်းရှိအောင်ဘိသိတ်၊ မြသီတာ၊ ဆိတ်ဖူးတောင်၊ လွှက်တောင်နှင့် နန်းလွင်စန်းကျေးရွာတို့ရှိ စိတ်ဝင်စားမှုတူညီရာအဖွဲ့ (CIGs) ခုနစ်ဖွဲ့မှ တောင်သူကိုယ်စားလှယ်များနှင့် အလင်းရောင် သမဝါယမအသင်း၊ ငွေမြိုင်သမဝါယမအသင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်စိုက်ပျိုးရေးရုံးတို့ကို လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ရန်ပုံငွေများ ပေးအပ်သည်။

ယခုစီမံကိန်း၏ ဆောင်ရွက်ချက်များအရ လုပ်ငန်းစိတ်ဝင်စားမှုတူညီရာအဖွဲ့(CIGs)များနှင့် သမဝါယမအသင်းများအား ရန်ပုံငွေနှင့် လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ ပေးအပ်ခြင်းအားဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး ကျေးလက်နေအိမ်ထောင်စုများ၏ အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု၊ ဒေသတစ်ခုချင်း၏ စားရေရိက္ခာဖူလုံမှု၊ လူမှုဘဝမြှင့်တင်နိုင်မှုနှင့်အတူ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တာဝန်များဆောင်ရွက်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မုံရွာ ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်များဆောင်ရွက်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်များဆောင်ရွက်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်းအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များ ဆောင်ရွက်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအတွက် တာဝန်ရှိသူများထံ အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြပြီး တပ်ဖွဲ့ဝင်များကိုယ်စား ရဲမှူးလှမြင့်လေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြင့်နိုင်က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုနယ်မြေ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားတက်ရောက်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်မုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်း အစီအစဉ်ကို အဆိုပါကျောင်း၏ အားကစားခန်းမ၌ ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စုံညီပွဲတော် တို့နွဲပျော်"သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အရည်အသွေးပြည့်ဝသည့် အခြေခံပညာရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် ပညာရေး စီမံခန့်ခွဲမှုအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေး စေတနာရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘပြည်သူများအားလုံး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် အကများနှင့် တေးသီချင်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမှုကို ကြည့်ရှုအားပေးပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်(ဗဟိုအဆင့်)တွင် ဆုရရှိခဲ့သည့် အားကစားသမားများ၊ နေပြည်တော်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်း အဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အထက်တန်းအဆင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ National ICT Award-2023 ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကိုပေးအပ်ရာ နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က လက်ခံရယူသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် သင်ရိုးသစ်သင်ထောက်ကူပြခန်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြခန်း၊ စွန့်ဦးတီထွင်ပြခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့်အတူ ဇေယျာသီရိမြို့နယ် ရွာသစ်ကျေးရွာအနီးတွင် နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ရွာသစ်ရေမြှင့်ရေထိန်း(ပင်းတားဆည်) တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေဆင်းဆည် လက်ယာ(၁) မြောင်းမကြီး မိုင်နား(၆)မြောင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအနီး ပင်လောင်းလမ်းဘေး သီးနှံအကန့်လိုက်စိုက်ပျိုးနည်းစနစ်(Strip Cropping) စမ်းသပ်စိုက်ခင်း အတွင်း သီးနှံ ၁၈ မျိုး စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဗဟန်းမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ရွှေနန်းယန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်အား စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်း၊ ကျောင်းတက်ရက်မှန်ဆုရ ဆရာ ဆရာမများအား ဆုချီးမြှင့်ခြင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီး/ခရိုင်ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများ၊ လူရည်ချွန်ပြိုင်ပွဲ၊ စွမ်းရည်ပြိုင်ပွဲ၊ ပဋ္ဌာန်းဓမ္မစကြာဆုရရှိသူများ၊ ဘင်ခရာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အကများဖြင့် ကပြသီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# အထက(သုဝဏ္ဏ)ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(သုဝဏ္ဏ)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းရှိ သီရိသုဝဏ္ဏပညာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးစောဒန်နီယယ် တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်အဆင့်/ကျောင်းအဆင့်ထူးချွန်သူ လူရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ခရိုင်ပညာရေးမှူး ဒေါ်စုစုခင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်စန်းနှင့် မိဘဆရာအသင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်မျိုးနှင့်အဖွဲ့ဝင်များ၊ ကျောင်းသားဟောင်းအသင်းနာယက ဦးစိုးပိုင်၊ ဥက္ကဋ္ဌ ဦးသောင်းမြင့်နှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ ကျောင်းသားမိဘများ၊



ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပညာရေးစုံညီပွဲတော်တွင်ဘက်စုံထူးချွန်ဆုရသူ(ပညာရပ်၊ စာပေ၊ ဂီတ၊ အနုပညာ၊ အားကစား၊ ဘာသာရေး) ကျောင်းသား ကျောင်းသူများ၊ ထူးချွန်ဆရာ ဆရာမများအား ဆုများပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာအတန်းလိုက် အကအလှတေးသီချင်းစွမ်းရည် ပြခြင်းများနှင့် ဝမ်းမြောက်ပျော်ရွှင်စွာ ပညာရေးစုံညီပွဲတော်ကို ဆင်နွှဲကြသည်။

အထက(သုဝဏ္ဏ)သည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှစ၍ အခြေခံပညာစက်မှု၊ စိုက်ပျိုးနှင့်မွေးမြူရေး အထက်တန်း ကျောင်းအဖြစ် တိုးချဲ့ပညာ သင်ကြားပေးမည့် ကျောင်းအဖြစ် ပြောင်းလဲတော့မည်ဖြစ်ကြောင်း သိရသည်။

**စိမ်းခက်**

# မြို့နယ်ပညာရေးမှူးဖလား အသက်(၁၃)နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကျောင်းကုန်း ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်ပညာရေးမှူးဖလား အသက်(၁၃)နှစ်အောက် မူလတန်းဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ နံနက် ၉ နာရီက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် မြို့မဘောလုံးအသင်းနှင့် အစုကြီး/ပေါက်ဆိန်ပဲ့အသင်းတို့ ယှဉ်ပြိုင်ကြရာ မြို့မဘောလုံးအသင်းက အစုကြီး/ပေါက်ဆိန်ပဲ့ဘောလုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ ပထမဆု ဆွတ်ခူးရရှိသွားပြီး အစုကြီး/ပေါက်ဆိန်ပဲ့ဘောလုံးအသင်းက ဒုတိယဆုရရှိသွားသည်။

ဆုပေးပွဲအခမ်းအနားတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုတို့ အပြင် ရှေ့တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊




နောက်တန်းအကောင်းဆုံးဆု၊ ဂိုးသမား အကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုတို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပခုက္ကူမြို့အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့အတွင်းသို့ PDF အမည်ခံ အကြမ်းဖက် သမားများက ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းတွင် Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။




ပခုက္ကူမြို့ အမှတ်(၈)ရပ်ကွက်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

**Drop Bomb များ ပစ်ချ**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ပခုက္ကူမြို့နယ် ပခုက္ကူကျွန်းကျေးရွာဘက်မှ PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြုပြီး Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အမှတ်(၈)ရပ်ကွက် မြို့မလလမ်းပေါ်ရှိ မေဖူးမုံ အထည်ဆိုင်အနီးသို့ ကျရောက်ပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ အမျိုးသား သုံးဦး ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ပခုက္ကူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

**စစ်ရေးနှင့်မသက်ဆိုင်**

PDF အမည်ခံ အကြမ်းဖက် သမားများသည် ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော မြို့/ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ Drop Bomb များဖြင့် ပစ်ချခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိသည့်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် မကြီးကန်ကျေးရွာအနီး၌ လိုင်စင်မဲ့ Honda Stream ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Sue Sat Detergent ဆပ်ပြာမှုန့်အထုပ် ၁၈၀၊ သရက်သီး ကီလိုဂရမ် ၁၅၀၀၊ MITR PHOL သကြား ကီလိုဂရမ် ၅၀ ပါ အိတ် ၇၀၊ Noxa 20 အကိုက်အခဲပျောက်ဆေးဘူး ၆၀၀ အပါအဝင် ကုန်ပစ္စည်း ၁၉ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၄၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၂၉၂၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၈၃၇၉၂၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၃၃၇၉၂၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့၌ သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**ဒိုက်ဦး ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကလေးငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး ကစားနည်း ၁၀ မျိုးဖြင့် ပညာပေး



ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၃ ရက်က အထက(၁) အောင်ရတနာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အခမ်းအနားတွင် ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးသက်နောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းမြေ့ထွန်းက သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်နည်း၊ စောင်ဖြင့် ထမ်းစင်ပြုလုပ်နည်းနှင့် သယ်ဆောင်နည်း၊ ရေသန့်ဘူးခွံဖြင့် အသက်ကယ်အင်္ကျီပြုလုပ်နည်းများ၊ သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာပါက ဆောင်ရွက်ရမည့် နည်းစနစ်များ၊ မီးလောင်မှုကို ဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများ၊ အရိုးကျိုးလူနာများအား ရှေးဦးပြုစုနည်း စသည့်ကစားနည်း ၁၀ မျိုးဖြင့် လေ့ကျင့်သင်ကြား ပညာပေးဆောင်ရွက်ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁-၂၀၂၄ စနေနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ်၊ ဓေဇဂ္ဂသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ Weekly Sports Info
- ၀၈:၃၅ မြန်မာ့သနပ်ခါး
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၄၀ လက်ဆုံစားမယ်...ရိုးရာစားဖွယ်
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၂)
- ၁၃:၃၀ MRTV National News
- ၁၄:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၆)
- ၁၆:၃၅ ပုံပြင်ကမ္ဘာ 'ထူးဆန်းသောပျားရည်'
- ၁၇:၁၀ ရသစုံစွာကျော်မြကမ္ဘာ
- ၁၇:၃၀ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာ ပျူမြို့ဟောင်းဆီသို့
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့်ကြယ်တာရာစတာလာ'** (အပိုင်း-၂၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) **"သက်သေ"**
- ၂၁:၄၀ ဟိုးတုန်းကကက်ဆက်ဇာတ်လမ်းများ "ရေကောင်းရေသန့်"

### mitv

- 07:02 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:12 Weekly Review
- 07:28 Myanmar Orchestra: A Blend of Arts!
- 07:42 Myanmar Family Life: Rest & Recreation at the Zoo
- 08:01 News
- 08:27 Discovering Tribes: Da Nu (Their Life and Customs) Part 2
- 08:46 Snake Dancer
- 08:53 Chaung Tha Souvenir Business
- 09:01 Quiz Time (Ep-56)
- 10:01 News
- 10:25 Children's Delight: Mr. Owl & his three pupils

### MRTV NRC

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** တို့ရွာအလှနဲ့ရာသီစာ(အပိုင်း-၂)
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** ရှမ်းဘာသာစကားပြောကြရအောင်နော် (အပိုင်း-၁၀)
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** သံထည်ဖြင့်ပြုလုပ်ထားသောလူ့အသုံးအဆောင်
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** သဘာဝကပေးအသက်ရှည်ဆေး
- **ပကောကရင် (၁၆:၀၀ မှ ၁၇:၀၀)** ဓနိပြုလုပ်ပုံ
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** စဉ့်အိုးဖိုရွာကလေးရဲ့အိုးလုပ်ငန်း
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ကရင်ရိုးရာအိမ်သို့အလည်တစ်ခေါက်
- **ချင်း(လိုင်ဇို) (၁၉:၀၀ မှ ၂၀:၀၀)** ပန်ကျည်းပင်၏ကောင်းကျိုးများ
- **ချင်း(ချိုး) (၂၀:၀၀ မှ ၂၁:၀၀)** ဆောင်းရာသီရဲ့သဘာဝပန်းအလှများ
- **မွန် (၂၁:၀၀ မှ ၂၂:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်ဝေမည် (အပိုင်း-၁၀)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၁၅ Bird's Eye View
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ငရအသုံးကုန်းတစ်ဝက်'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီသမ္မတနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၇)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ စက်မှုလယ်ယာစွမ်းအား နိုင်ငံ့အင်အား
- ၀၆:၅၅ အနာဂတ်ဘဝသာယာဖို့ဝါးစိုက်ပျိုးကြစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Way Back Home (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Departures (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ ၂၀၂၃ ခုနှစ်၏အားကစားလောကရဲ့ အမှတ်တရများ
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၅ Soccer View

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# တပ်မတော်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးမြို့နယ် လက်ပံချောင်းရွာနှင့် မောင်တောမြို့နယ် ကံသာယာအထက်ရွာတို့တွင် ပြည်သူများသေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မြောက်ပိုင်းသို့ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သောကြောင့် လက်ပံချောင်းကျေးရွာနေ ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးကာ အရပ်သားခြောက်ဦး ထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့သည်ဟု Ayeyar-waddy Times လူမှုကွန်ရက်စာမျက်နှာပေါ်တွင် သတင်းတုများ လုပ်ကြံဖန်တီး ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

## ထိတွေ့ပစ်ခတ်မှုများမရှိ

ဖြစ်စဉ်မှန်ကန်မှုရှိ/မရှိကလေးမြို့ လက်ပံချောင်းကျေးရွာရှိ ဒေသခံပြည်သူတစ်ဦးထံ ဆက်သွယ်မေးမြန်းရာ **"ယခုရက်ပိုင်းအတွင်း ၎င်းကျေးရွာအနီးတွင် ထိတွေ့ပစ်ခတ်မှုများ မရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများက ရံဖန်ရံခါတွင် လက်လုပ်စိန်ပြောင်းများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ရှိခဲ့သော်လည်း ယခုရက်ပိုင်းတွင် ကျေးရွာသူရွာသားများအနေဖြင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း"** သိရှိရသည်။




အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကံသာယာအထက်ရွာကို ဇန်နဝါရီ ၄ ရက်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်သုံးဦးအပါအဝင် ပြည်သူ လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းကို AA သတင်းအရင်းအမြစ်က ပြောကြောင်း Khit Thit Media က သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသား ဖြန့်ဝေနေသည်ကိုတွေ့ရှိရသဖြင့် သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ မောင်တောမြို့နယ် ကံသာယာအထက်ရွာကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိခဲ့ကြောင်း၊ AA သောင်းကျန်းသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ အလစ်အငိုက်တွင် ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြည်ဖျက်မီဒီယာများသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှု ပျက်ပြားစေရန်အတွက် သတင်းအရင်းအမြစ် တိကျခိုင်မာမှုမရှိသော ဖြစ်စဉ်များကို လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ချိခြင်းများ ပြုလုပ်ကာ ပြည်သူများကို သတင်းအဆိပ်ခတ်လျက်ရှိကြောင်း ပြည်သူများအနေဖြင့် သတိပြုဆင်ခြင်နိုင်ရန် အသိပေးအပ်ပါကြောင်း သိရသည်။

သတင်းစဉ်

# ထီးချိုင့်မြို့နယ်၌ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံသုံးဦး သေဆုံး၊ လေးဦးဒဏ်ရာရဟု ကောလာဟလသတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်ရှိ ဒိုးပင်၊ ကြူးတောင်ခြေနှင့် ဝဲကြီးကျေးရွာများအား ဇန်နဝါရီ ၃ ရက်က လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံသုံးဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်




ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ RFA က သတင်းအမှား ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

မြေပြင်သိရှိရသော သတင်းများအရ အဆိုပါနေ့တွင် တပ်မတော်မှ ထီးချိုင့်မြို့နယ်တွင်းသို့လေကြောင်း ပျံသန်းမှုမရှိခဲ့ကြောင်း သိရှိရပြီး အကြမ်းဖက်သမားများဘက်မှ မိမိလုံခြုံရေးတပ်ဖွဲ့တည်ရှိရာနေရာများသို့ Drone များအသုံးပြု လာရောက်တိုက်ခိုက်ခြင်းကြောင့် ဒေသခံကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး ဒေသခံအပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရခြင်းများ ဖြစ်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် ပျံ့နှံ့မှုအားကောင်းသည့် သတင်းတုများကို စိတ်ကြိုက်ရေးသားဖြန့်ဝေကာ ပြည်သူလူထုကို သတင်းအဆိပ်ခတ် ဝါဒဖြန့်လုပ်ဆောင်နေကြောင်း သိရသည်။

သတင်းစဉ်

# ကသာမြို့ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသူ ၁၉ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ကသာ ဇန်နဝါရီ ၅

ကသာမြို့ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများ အနက် အကျဉ်းသားစုစုပေါင်း ၁၉ ဦးကို ယမန်နေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

## ထောက်ပံ့ငွေများ ပေးအပ်

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့



မွန်းတည့် ၁၂ နာရီက အဆိုပါ အကျဉ်းထောင်ရှိ ရောရန်အောင်ဧည့်ရိပ်သာခန်းမ၌ ကျင်းပရာ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် အမှတ်(၈၈) နည်းဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်သူလှိုင်တို့က ဆုံးမသြဝါဒစကား ပြောကြားပြီး ကသာအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ကတ်ပြားနှင့် ခရီးစရိတ် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "မင်းနဂါးမြန်မာ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သာယာမြိုင်ကျေးရွာနေ သန်းဇော်ဦးအား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "BOMA LAY" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ်ရပ်ကွက်နေ မို့မို့အောင်(ခ)ဘိုမအား နံနက် ၁၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Mai Moe San Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကွန်ဟောက်ကျေးရွာနေ မိုးဆန်းဦးအား ညနေ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

# မော်လမြိုင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့မှုပေးခြင်းအခမ်းအနား ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၅**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့မှုပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

**စီစဉ်ဆောင်ရွက်ပေး**

ဦးစွာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအရ ငွေကြေးကုန်ကျစိုက်ထုတ်ရမှု လျော့နည်းစေ၍ လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေး၊ ရောဂါရှိသော်လည်း ရောဂါလက္ခဏာ မပြသေးသောသူများ ကြိုတင်၍ ရောဂါရှာဖွေစစ်ဆေးခြင်းဖြင့် စောစီးစွာ ကုသနိုင်ခြင်းကြောင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ရှောင်လွှဲနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းအပြင် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးသည့် အခမ်းအနားဖြစ်ကြောင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ယခုထက်ပိုမို၍ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၅၀၀)၌ သမားတော်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးကာ ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

**ထောက်ပံ့ပေးသွားမည်ဖြစ်**

မွန်ပြည်နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၂၇၈၀၃ ဦးရှိပြီး မော်လမြိုင်မြို့နယ်အနေဖြင့် ၉၀၅၇ ဦးရှိကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မော်လမြိုင်မြို့နယ်ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၃၀၀ အား အခြေခံစားသောက်ကုန်၊ အာဟာရဖြည့်စွက်စာနှင့် ကျန်းမာရေးစောက်ရှောက်မှုကို ပထမအကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကာ ဆက်လက်၍လည်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ လစဉ် ပင်စင်လစာထုတ်ရက်ဖြစ်သည့် ၂၀ ရက်နှင့် ၂၂ ရက်များတွင် အလှည့်ကျစနစ်ဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ် ကော့သောင်းခရိုင်အတွင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ

**ကော့သောင်း ဇန်နဝါရီ ၅**

တနင်္သာရီ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းနှင့်တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက ကော့သောင်းခရိုင်နှင့် ကော့သောင်းမြို့နယ် အတွင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းက အမှာစကားပြောကြားသည်။



ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးဥပဒေအရာရှိဦးညွန့်လွင်က အရာထမ်း၊ အမှုထမ်းများ အနေဖြင့် စည်းစည်းလုံးလုံးနှင့် ညီညီညွတ်ညွတ် ဆောင်ရွက်ကြစေလိုကြောင်းနှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကူအညီ ရယူဆောင်ရွက်နိုင်ကြောင်း ပြောကြားခဲ့ပြီး ကော့သောင်းခရိုင် ဥပဒေအရာရှိ ဦးစိုးဌေးနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်မေဖြိုးကျော်တို့က လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများ တင်ပြရာ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က ဖြည့်ဆည်းနိုင်ရေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းက ကော့သောင်းခရိုင်အတွင်းရှိ အရာထမ်း အမှုထမ်းများအား နှစ်သစ်ကူး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် လက်ရှိဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကော့သောင်းခရိုင် မြို့နယ်ဥပဒေရုံး ခြံစည်းရိုးတည်ဆောက်နေမှု အခြေအနေအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောက်ဖြူမြို့ ငလပွေ့ချောင်းအတွင်းသို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁၅ သိန်း မျိုးစိုက်ထည့်

**ကျောက်ဖြူ ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၍ ကျောက်ဖြူမြို့နယ်အတွင်း ငါး/ပုစွန်များ ပေါများစေရေးအတွက် ကျောက်ဖြူရေငန်ပုစွန်သားဖောက်စခန်းမှ ရေငန်ပုစွန်သားပေါက် ကောင်ရေ ၁၅ သိန်း မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက ကျောက်ဖြူမြို့ ငလပွေ့ရပ်ကွက်ရှိ ငလပွေ့ချောင်း၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဟံစိုးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရေငန်ပုစွန်သားဖောက်စခန်း တာဝန်ခံ ဦးရွှေကျော်အောင်က အခမ်းအနားတက်ရောက်လာသူများအား မျိုးစိုက်ထည့်မည့် ရေငန်ပုစွန်သားပေါက်များပေးအပ်ကာ ငလပွေ့ချောင်းအတွင်းသို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁၅ သိန်းကို မျိုးစိုက်ထည့်သည်။

ကျောက်ဖြူရေငန်ပုစွန်သားဖောက်စခန်းအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေငန်ပုစွန်သားပေါက်ကောင်ရေ ငါးသိန်းအား မျိုးစိုက်ထည့်ထားပြီးဖြစ်ကာ ယခုအခါ ဒုတိယအကြိမ်မြောက် ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁၅ သိန်း စုစုပေါင်း ကောင်ရေ သိန်း ၂၀ အား မျိုးစိုက်ထည့်ပြီးဖြစ်သည်။ ယင်းသို့ မျိုးစိုက်ထည့်ခြင်းဖြင့် သဘာဝရေပြင်အတွင်း ငါး/ပုစွန်များ ပေါများစွာတည်ရှိနေခြင်းကြောင့် မိမိတို့ဒေသရှိ ဒေသခံများမှာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




# သန်လျင်ခရိုင်မီးသတ်ဦးစီးဌာနတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး၏ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက သန်လျင်ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည် ၁၂ သင်း ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနား ကျင်းပသည်။




**ချီးမြှင့်ပေးအပ်ခဲ့**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက ပြိုင်ပွဲဝင်အားကစားသမားများအား အမှာစကားပြောကြားပြီး ပထမဆုရရှိသော သန်လျင်ခရိုင်အသင်းနှင့် ဒုတိယဆုရရှိသော သုံးခွမြို့နယ်အသင်းတို့အား တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကာ တတိယဆုရရှိသော ကွမ်းခြံကုန်းမြို့နယ်အသင်းအား ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက သန်လျင်ခရိုင်နှင့် တွံတေးခရိုင်ရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ကလေးများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ နှစ်သစ်ကူးအမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)

○ **အယ်လ်နာဆာအသင်းမှ**

အမ်ဘတ်ပီ ၅၂ ဂိုး၊ ဘိုင်ယန်မြူးနစ်အသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း ၅၂ ဂိုးနဲ့ မန်စီးတီးအသင်းမှ နော်ဝေတိုက်စစ်မှူး ဟာလန်း ဂိုး ၅၀ တို့ကို ကျော်ဖြတ်ကာ မာရာဒိုနာဆုကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ရယူဆွတ်ခူးနိုင်ခဲ့**

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ တစ်နှစ်တာ ဂိုးသွင်းအများဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ မာရာဒိုနာဆုကို ရယူဆွတ်ခူးနိုင်ခဲ့တဲ့အပြင် ဒီဇင်ဘာလအတွက် ဆော်ဒီပရိုလိဂ်ရဲ့ တစ်လတာ အကောင်းဆုံးကစားသမားဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။

ဒူပြင် ဇန်နဝါရီ ၁၉ ရက်မှာ ပေးအပ်ချီးမြှင့်မယ့် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု၊ ပရိသတ်အကြိုက်နှစ်သက်ဆုံး ကစားသမားဆုနဲ့ အရှေ့အလယ်ပိုင်းအကောင်းဆုံးကစားသမားဆုတို့ကိုလည်း ထပ်မံရရှိနိုင်ဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။

ငွေကြယ်

တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား
ပြည်ထောင်စုသား သွေးချင်းများ
တွဲထားလက်များ ခိုင်စေသား။

## ဟိုပုံးမြို့နယ်၌ ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**ဟိုပုံး ဇန်နဝါရီ ၅**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအား အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ရေး အသိပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီက ဟိုပုံး-တောင်ကြီးသွားလမ်း ပြည်ထောင်စုလမ်းမကြီး နေမင်းရောင်တိုးဂိတ်၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူး ဖြိုးနိုင်ဦး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကိုကိုလင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လမ်းဦးစီးဌာန၊ နယ်မြေခံတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဟိုပုံး-တောင်ကြီးသွားလမ်း ပြည်ထောင်စုလမ်းမကြီး နေမင်းရောင်တိုးဂိတ်၌ သွားလာလျက်ရှိသည့် ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်သင်္ကေတများနှင့် အသက်ကယ်ထိုင်ခုံခါးပတ် စနစ်တကျတပ်ဆင်မောင်းနှင်သွားလာကြရန်၊ ဆိုင်ကယ်များ မောင်းနှင်ရာတွင် ဆိုင်ကယ်စီးဦးထုပ်များကို စနစ်တကျဆောင်းကြရန်၊ ဆိုင်ကယ်မောင်းနှင်ရာတွင် သိရှိလိုက်နာရမည့်အချက်များ၊ ယာဉ်အန္တရာယ်ကြောင့် အသက်အန္တရာယ် ထိခိုက်မှုနှင့် ကိုယ်လက်အင်္ဂါထိခိုက်မှု မဖြစ်ပွားစေရေးအတွက် လမ်းဖြတ်ကူးရာတွင် သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေးဆောင်ရွက်ခဲ့ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဂီတဌာနခွဲမှ အနုပညာရှင်ဝန်ထမ်းများ သွားရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၅**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညှော်ခံပွဲနှင့် ညစာစားပွဲတွင် ဖျော်ဖြေရေးတာဝန်များ ဆောင်ရွက်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) ဂီတဌာနခွဲမှ အနုပညာရှင် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။

အဆိုပါ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)အား ၂၀၀၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပြည်သူများ အပန်းဖြေအနားယူရန်နှင့် ဗဟုသုတရှာမှီးနိုင်ရန် ကျောင်းသား ကျောင်းသူများ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ပညာရှာမှီးရာတွင် အထောက်အကူဖြစ်စေရန်၊ တောရိုင်းတိရစ္ဆာန်ကျေးငှက်များ ထိန်းသိမ်းကာကွယ်ရေးအတွက် ပြည်သူလူထုအား စည်းရုံးပညာပေးရန်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ရှားပါးသော တိရစ္ဆာန်ကျေးငှက်များအား မျိုးဆက်ထိန်းသိမ်းရန်အတွက် သားပေါက်မျိုးပွားရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပြသလျက်ရှိရာ ယခုအခါ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်အတွင်း နို့တိုက်သတ္တဝါ ၃၄ မျိုး၊ ကျေးငှက် ၄၄ မျိုး၊ တွားသွားသတ္တဝါ ၁၁ မျိုးနှင့် ပြည်ပငါးမျိုး ၂၆ မျိုး၊ ပြည်တွင်းငါးမျိုး ၁၈ မျိုး စုစုပေါင်း ငါးမျိုး ၄၄ မျိုးအား ငါးကန် ၅၁ ကန်ဖြင့် မွေးမြူထိန်းသိမ်းစောင့်ရှောက်၍ ပြသထားကြောင်း သိရသည်။



**သတင်းစဉ်**



## မူးယစ်ကြီးကြပ်ရေးမှူးများအား လုပ်ငန်းခွင်ဝတ်စုံနှင့် ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုရုံး၌ မူးယစ်ကြီးကြပ်ရေးမှူးတာဝန် ထမ်းဆောင်လျက်ရှိသော မူးယစ်ကြီးကြပ်ရေးမှူးများအား လုပ်ငန်းခွင်ဝတ်စုံနှင့် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါရုံးဝင်းအတွင်းရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသားလူငယ်ထု ဆက်သွယ်ရေးသံတမန် ဟာသသရုပ်ဆောင် လူရွှင်တော် ဦးချစ်ချောက မူးယစ်ကြီးကြပ်ရေးမှူးများအား လုပ်ငန်းခွင်နှင့်ပတ်သက်သည့် ဆောင်ရန်/ ရှောင်ရန်အချက်များကို ပြောကြားသည်။ ထို့နောက် မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်၊ အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းနှင့် ကျောင်းသားလူငယ်ထု ဆက်သွယ်ရေးသံတမန် ဟာသသရုပ်ဆောင် လူရွှင်တော် ဦးချစ်ချောတို့က မူးယစ်ကြီးကြပ်ရေးမှူးများအား လုပ်ငန်းခွင်ဝတ်စုံနှင့် ထောက်ပံ့ကြေးများ ပေးအပ်သည်။

မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုအနေဖြင့် မူးယစ်ဆေးဖြတ်လူနာများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် မူးယစ်ဆေးဖြတ်လူနာ ၃၂ ဦး၊ ၂၀၂၁ ခုနှစ်တွင် မူးယစ်ဆေးဖြတ်လူနာ ၆၄ ဦး၊ ၂၀၂၂ ခုနှစ်တွင် မူးယစ်ဆေးဖြတ်လူနာ ၉၇ ဦး၊ ၂၀၂၃ ခုနှစ်တွင် မူးယစ်ဆေးဖြတ်လူနာ ၉၈ ဦးနှင့် ၂၀၂၄ ခုနှစ်တွင် မူးယစ်ဆေးဖြတ်လူနာ ၁၄ ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## မလေးရှားနိုင်ငံသို့စေလွှတ်ရန် OWIC ပြုလုပ်ခွင့်တင်ပြသည့် အေဂျင်စီများအနေဖြင့် သတ်မှတ်ထားသည့် ဇယားပုံစံအတိုင်း Excel ဖိုင်ကို attached ထည့်ပေးရန်လိုအပ်ပြီး မပါရှိပါက ခွင့်ပြုပေးမည်မဟုတ်

**ရန်ကုန် ဇန်နဝါရီ ၅**

မလေးရှားနိုင်ငံသို့စေလွှတ်ရန် OWIC ပြုလုပ်ခွင့်တင်ပြသည့် အေဂျင်စီများအနေဖြင့် သတ်မှတ်ဇယားပုံစံအတိုင်း Excel ဖိုင်ကို attached ထည့်ပေးရန်လိုအပ်ပြီး မပါရှိပါက ခွင့်ပြုပေးမည်မဟုတ်ကြောင်း Safe Migration က အသိပေးထားသည်။

စာရင်းသွင်းရာတွင်လည်း အလုပ်သမားအမည်နှင့် နိုင်ငံကူးလက်မှတ်ကို လုံးဝမမှားစေရန်၊ အလုပ်အကိုင်အမျိုးအစားက သံအရာရှိထောက်ခံချက်ကအတိုင်း ရေးပေးရမည်ဟုလည်း အသိပေးထားသည်။

One Stop Service တင်လျှင်လည်း Excel ဖိုင်ကို ယခင်သတ်မှတ်ထားသည့်ပုံစံအတိုင်း ထည့်ပေးရမည်ဟုသိရပြီး လုပ်သားဦးရေများသဖြင့် ဖိုင် size ကြီးနေ၍ Email ပို့ရန်ခက်နေပါက နိုင်ငံကူးလက်မှတ်များ တစ်ဖိုင်၊ စာချုပ်ကိုတစ်ဖိုင် (အပေါ်ဆုံးတစ်ရွက် နောက်ဆုံးတစ်ရွက်သာ) ခွဲပြီး PDF ဖိုင်ဖြင့် ပို့နိုင်ကြောင်းလည်း သိရသည်။

စေလွှတ်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ခွင့်တင်ပြရာတွင်လည်း အပေါ်စာ၊ သံအရာရှိစာ၊ Demand letter ၊ KDN / KSN ၊ EC ၊ Calling Visa ၊ လိုင်စင်မိတ္တူလောက်ကိုသာ PDF ဖိုင် လုပ်ပို့နိုင်ကြောင်းလည်း Safe Migration က အသိပေးထားသည်။

**MT**

## ရန်ကုန်ဈေးကွက်တွင် အသားတိုးကြက်နှင့် ဥတုံးကြက် ဈေးကျနေ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်ဈေးကွက်တွင် အသားတိုးကြက်နှင့် ဥတုံးကြက်ဈေးလျော့ကျနေကြောင်း အသားတိုးကြက်မွေးမြူရေးလုပ်ငန်းအသိုင်းအဝိုင်းမှ သိရသည်။

အသားတိုးကြက်အရှင်မှာ ရန်ကုန်ဈေးကွက်တွင် ပြီးခဲ့သည့်တစ်လကျော်အတွင်းနှင့် ယခုအချိန်အထိ တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ခန့်နှင့် ဥတုံးကြက်ဈေးနှုန်းမှာ ထက်ဝက်လျော့ကျခဲ့ကြောင်း ကြက်မွေးမြူရေးလုပ်ငန်းအသိုင်းအဝိုင်းမှ သိရသည်။

"ကြက်ဖြူက ကြက်အရှင်အသားတစ်ပိဿာဖြစ်ဖို့ဆိုရင် ကျပ် ၅၈၀၀ နဲ့ ကျပ် ၆၀၀၀ ကြားမှာရှိတယ်။ အခုဒီမှာရောင်းတာက ကျပ်၅၄၀၀ ရောင်းရတယ်။ လက်ကားရောင်းရတာ ကြက်တစ်ပိဿာကို အနည်းဆုံးလေးရာ၊ ငါးရာလောက် ရန်ကုန်ဈေးကွက်မှာ လျော့သွားတယ်။ ဈေးနှုန်းက ရန်ကုန်ဈေးကွက်ပေါ် အခြေခံတယ်။ ရန်ကုန်ဈေးကျရင် နယ်ဈေးလည်း လိုက်ပြီးကျသွားတယ်။ ရန်ကုန်ဈေးတက်ရင် နယ်ဈေးလည်းတက် တယ်။ ဒီလတွေထဲမှာ ရန်ကုန်ဈေးက နည်းနည်းနိမ့်တယ်"ဟု ပုသိမ်မြို့မှ အသားတိုးကြက်မွေးမြူရေး လုပ်ငန်းပိုင်ရှင် ဦးခင်မောင်ဝင်းက ပြောသည်။

မြန်မာနိုင်ငံတွင် အသားတိုးကြက်မွေးမြူရေးလုပ်ငန်းအများဆုံးလုပ်ကိုင်သည့်ဒေသများမှာ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မော်လမြိုင်၊ မန္တလေးတို့ဖြစ်ပြီး အဆိုပါမြို့များမှတစ်ဆင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ပြန်လည်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဥတုံးကြက်(ကြက်နီမ) ဈေးကွက်မှာလည်း ရန်ကုန်ဈေးကွက်တွင် ထက်ဝက်နီးပါးခန့်လျော့ကျနေသည်မှာ သုံးလခန့်ရှိပြီဖြစ်ကြောင်း ကြက်မွေးမြူရေးလုပ်ငန်းအသိုင်းအဝိုင်းမှ သိရသည်။

"ဥတုံးကြက်(ကြက်နီမ)လည်း ကျနေတယ်။ လက်ရှိ လက်ကားအရှင် တစ်ပိဿာဈေးနှုန်း ကျပ် ၃၅၀၀၊ ကျပ် ၃၉၀၀ ပဲရှိတယ်။ အရင်က ကျပ် ၆၇၀၀ တောင်ကျော်သွားတယ်။ အကျကြမ်းတယ်။ အခု တစ်ပိဿာ ကျပ် ၃၉၀၀ လောက်ပဲရှိတယ်။ ထက်ဝက်နီးပါးလျော့ကျသွားတယ်။ နှစ်လကျော် သုံးလလောက်တော့ရှိပြီ " ဟု အသားတိုးကြက်မွေးမြူရေးလုပ်ငန်းပိုင်ရှင်တစ်ဦးကဆိုသည်။

**သစ်တော်**

❖ ကျောဖုံးမှ

"ဒီနေ့က လွတ်လပ်ရေးနေ့ဆိုတော့ ရုံးတွေ၊ အလုပ်ရုံတွေ ပိတ်တာလည်းပါတယ်။ အရင်နေ့ထက် ပိုပြီးစည်ကားတယ်။ New Year ရက်ကစပြီး ဈေးရောင်းချရတာ ပိုကောင်းတယ်ပြောရမှာပါ။ ပြန်တဲ့ညှော့သည်ကပြန်၊ ဝင်လာကြတဲ့ညှော့သည်က ဝင်လာကြတော့ ဒီရက်ထဲမှာ ကမ်းခြေတစ်လျှောက် အပန်းဖြေလည်ပတ်သူတွေနဲ့ စည်ကားလျက်ရှိပါတယ်"ဟု ကမ်းခြေတွင် ဈေးရောင်းချသူ ဦးဆန်းမင်းက ပြောသည်။

ချောင်းသာမြို့သို့ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များသည် ချောင်းသာကမ်းခြေတွင် အပန်းဖြေအနားယူခြင်းများအပြင် ဒေသထွက် အမှတ်တရပစ္စည်းအရောင်းဆိုင်များရှိ ပင်လယ်ထွက်ပစ္စည်းများဖြင့် အလှဆင်ပြုလုပ်ထားသည့်ပစ္စည်းများ၊ အုန်းအခြေခံလက်မှုပစ္စည်းများနှင့် ဒေသထွက်အစားအစာများကို လေ့လာကြည့်ရှုဝယ်ယူကြခြင်း၊ ချောင်းသာကမ်းခြေအနီးရှိ ဖိုးကုလားကျွန်း၊ သဲဖြူကျွန်းတို့သို့ စက်လှေ၊ မော်တော်ဘုတ်များဖြင့်လည်းကောင်း၊ ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေ၊ ကျောက်မောင်နှမနှင့် Sea @Lake Garden သို့ ကား၊ သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်များဖြင့်လည်းကောင်း သွားရောက်လည်ပတ်မှုများလည်းရှိကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေဒေသတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ရယူ၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ဟိုတယ်နှင့်တည်းခိုရိပ်သာ အလုံး ၄၀ ရှိပြီး ၂၀၂၂ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်တည်းခိုမှု ၃၄၆၅၆ ဦးရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်တည်းခိုမှု ၄၁၃၃၈၉ ဦးရှိခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ချောင်းသာရုံးခွဲ)တာဝန်ရှိသူထံမှ သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၅-၁-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၈၄၉။ | စစ်တက္ကသိုလ်အပတ်စဉ်(၃၇)သင်တန်းဆင်း အရာရှိများကောင်းမှု | ၃၀၀၀၀၀၀ |
| ၇၈၅၀။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဒေါ်အေးအေးသန်းမိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၇၈၅၁။ | ဦးဗိုလ်ဌေးနှင့်ဇနီး ဒေါ်စမ်းစမ်းအေးမိသားစုကောင်းမှု | ၉၀၀၀၀၀ |
| ၇၈၅၂။ | ရတနာကံဦးကျောင်းဆရာတော်ဦးတိက္ခသာရနှင့် တပည့်များကောင်းမှု | ၇၂၀၀၀၀ |
| ၇၈၅၃။ | ဦးအောင်ကျော်ထိုက်နှင့်ဇနီး ဒေါ်မီနီ၊ (သမီး)မထက်ထက်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၈၅၄။ | ကွယ်လွန်သူမိဘများ ဦးကျော်ငြိမ်းနှင့် ဒေါ်ငွေသင်၊ (ခင်ပွန်း)ဦးအောင်စိုးတို့အားရည်စူး၍ ဒေါ်မြမြစိန်၊ ဒေါ်လွင်မာထွန်း၊ ဒေါ်မေသွယ်ထွန်း၊ ဒေါ်မေနွယ်ထွန်းနှင့် ဦးအောင်မင်းထွန်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၈၅၅။ | ကွယ်လွန်သူမိဘနှစ်ပါးဖြစ်ကြသော ဦးသန်းမြင့်နှင့်ဇနီး ဒေါ်သင်းသင်းတို့အားရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၇၈၅၆။ | ကွယ်လွန်သူ ဦးမောင်ကြိုင်နှင့်ဇနီး ဒေါ်သိန်းတင်တို့အား ရည်စူး၍ (သမီး)ဒေါ်ပြုံးပြုံးအိမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၈၅၇။ | ကွယ်လွန်သူဒေါ်ခင်ဝင်းကြည်အားရည်စူး၍ ဦးသိန်းဟန်၊ (သမီး)မသန့်ဇင်သိန်းဟန်နှင့် မသက်ဇင်သိန်းဟန် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၈၅၈။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးယဉ်မောင်စိန်နှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ သား၊ သမီး ၊ မြေးတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၇၈၅၉။ | ဦးဝင်းညွန့်နှင့်ဇနီး ဒေါ်အေးအေးဆွေမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၈၆၀။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးသန်းထွန်းအောင် နှင့်ဇနီး ဒေါ်တင်တင်နုမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၈၆၁။ | ဦးမြတ်သန်းထွဋ်၏ ၅၆ နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၅၀၀၀၀ |
| ၇၈၆၂။ | ဦးစိန်မောင်နှင့်ဇနီး ဒေါ်လှညွန့်တို့အားရည်စူး၍ ဒေါ်ကျင်ဌေး၊ ဒေါ်ကျင်ရီ၊ ဦးအောင်မြတ်၊ ဒေါ်စိုးစိုးလွင် မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၈၆၃။ | ဒေါ်ကြူကြူ၏ ၈၄ နှစ်မြောက်မွေးနေ့ကောင်းမှု | ၁၁၀၀၀၀ |
| ၇၈၆၄။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဗိုလ်မှူးရဲဝင်းထွန်းနှင့်ဇနီး ဒေါ်သူသူအောင်၊ (သမီး)မအေးဝင်းသူမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၈၆၅။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးစန်းလွင်ဦးနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ (သား)မောင်နေလင်း၊ မောင်ခန့်ယုမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၈၆၆။ | ဦးကျော်ဦးနှင့်ဇနီး ဒေါ်မြင့်မြင့်သူ၊ (သား)မောင်ဂျိန်ဇူးဟိန်း၊ မောင်ရန်ပယ်ဟိန်း မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၈၆၇။ | ဦးဝင်းနှင့်ဇနီး ဒေါ်လှထွေး မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၈၆၈။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ဒုတိယအရာခံဗိုလ်ထွန်းညို(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၆၉။ | ဦးစောကျော်နှင့်ဇနီး ဒေါ်စန်းရီ၊ (သမီး)မဇာဇာသိမ့်၊ မဇင်ဇင်သိမ့်၊ မဇင်ဇင်ဖွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၇၀။ | ဦးသောင်းစိန်နှင့်ဇနီး ဒေါ်တင်သန်း၊ (သမီး)မသီတာလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၇၁။ | ဦးမြတ်မင်းနှင့်ဇနီး ဒေါ်မြင့်မြင့်မိုး၊ (သား)မောင်ထူးမြတ်၊ (သမီး)မစုစုစံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၇၂။ | ဦးထွန်းကြည်(လေ)(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၇၃။ | ဒေါ်စုစုနိုင်နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၇၄။ | ကိုနေထက်လင်းနှင့်ဇနီး မမြတ်နိုးဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၇၅။ | ဒေါ်ခင်စန္ဒာဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၇၆။ | ဦးရဲမြင့်နှင့်ဇနီး ဒေါ်ခင်ခင်တုံ၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၇၇။ | ဦးကြီးမြင့်နှင့်ဇနီး ဒေါ်စိန်စိန်မြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၇၈။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးရဲရင့်အောင်နှင့်ဇနီး ဒေါ်သီဂီအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၇၉။ | ကွယ်လွန်သူဒေါ်တင်တင်ဌေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၇၈၈၀။ | ဗိုလ်အောင်ထွန်းကျော်(ငြိမ်း) ၆၅ နှစ်ပြည့်မွေးနေ့အလှူ | ၆၅၀၀၀ |
| ၇၈၈၁။ | ဒေါ်အေးမြင့်ခိုင်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၇၈၈၂။ | ဦးငွေစိုးနှင့်ဇနီး ဒေါ်ယဉ်ယဉ်အေး မိသားစုကောင်းမှု | ၅၄၀၀၀ |
| ၇၈၈၃။ | ဗိုလ်ကြီးအောင်မိုး(ငြိမ်း)နှင့်ဇနီး ဒေါ်စိန်စိန်မြင့် မိသားစုကောင်းမှု | ၅၄၀၀၀ |
| ၇၈၈၄။ | ဦးမောင်မောင်သန်းနှင့်ဇနီး ဒေါ်ခင်မာညို မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၈၅။ | ဒေါ်ပုလဲ၊ ဒေါ်ယဉ်ဝင်း၊ ဦးဇေယျာ၊ ဒေါ်ခိုင်နှင့် ဒေါ်ဥမ္မာ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၈၆။ | ဦးမောင်မောင်သန်းနှင့်ဇနီး ဒေါ်လှလှသန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၈၇။ | ဒေါ်အုန်းကျင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၈၈။ | ဦးစံလှကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၈၉။ | ဖခင်ကြီးဦးငြိမ်းမောင်နှင့် မိခင်ကြီးဒေါ်အေးကျင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၉၀။ | ဆရာလေးက္ကန္ဒာစာရီကောင်းမှု | ၅၀၀၀၀ |
| ၇၈၉၁။ | ကွယ်လွန်သူဒေါ်ခင်ဝင်းရီအားရည်စူး၍ ကျန်ရစ်သူ ဦးသာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၉၂။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၉၃။ | ဦးစောဖြူနှင့်ဇနီး ဒေါ်အကြို၊ ဒေါ်စိန်တုတ်၊ ဦးစံထွန်းတို့အားရည်စူး၍ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၉၄။ | ကွယ်လွန်သူဦးခိုင်ဝင်း(ခေါ်)ဦးခိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၉၅။ | ဦးစံရွှေမောင်နှင့်ဇနီး ဒေါ်ခင်ခင်ဌေး၊ (သား)မောင်ထွန်းရွှေကျော်၊ (သမီး)မဝင်းသန္တာအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁၂-၂၀၂၃ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၉)SPဒေါ်ခင်ဆွေဆွေယု၏အရောင်းမြေပုံကူးတွင် မြေကွက်အမှတ်(၄၇/၄၈)အစား မြေကွက်အမှတ်(၄၇/၃၈)ဟုအမှန်ဖတ်ရှုပါရန်။

## တောင်းပန်စာ

Facebook လူမှုကွန်ရက်တွင် ၂၆-၁၂-၂၀၂၃ တွင် တင်ခဲ့သောကိစ္စနှင့်ပတ်သက်၍ မှားယွင်းစွာဖော်ပြခဲ့သည့် ကားနံပါတ် BB-4547 မဟုတ်ပါကြောင်း ကျွန်တော် ဦးအေးလှိုင်မှ ဝန်ခံတောင်းပန်အပ်ပါသည်။

**အမည်-ဦးအေးလှိုင်**

**မှတ်ပုံတင်-[၁၂/သကတ(နိုင်)၀၂၁၅၈၀]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၂၅၀၊ ၁၂၅၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၂၅၀)၊ သုမိတ္တာ(၈)လမ်း၊ (၁)ရပ်ကွက်၊ ဒေါ်လှိုင် (CD-019013) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်-ဒေါ်လှိုင်(မိခင်)သည် (၂၂-၆-၂၀၁၃)ရက်နေ့တွင်လည်းကောင်း၊ ဦးသိန်း(ဖခင်)သည် (၁၀-၆-၂၀၁၀) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဦးအောင်ထွန်း [၁၂/ဥကမ(နိုင်)၀၂၀၀၈၆]၊ ဦးမျိုးမြင့် [၁၂/ဥကမ(နိုင်)၁၂၀၄၆၃]၊ ဦးအောင်မြင့် [၁၂/ဥကမ(နိုင်)၁၃၃၈၃၅]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်သား(၃)ဦးတော်စပ်ကြောင်း မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ အမှတ်- (၇၁၆/၂၀၂၃)၊ (၉-၁၁-၂၀၂၃)ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၇၇)၊ အခန်းအမှတ်(၇၇-ဘီ)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်မှ (မြေညီထပ်)၊ (တိုက်ကိုမျက်နှာမူလျှင်- လက်ယာဘက်) ခြေရင်းခန်း၊ အကျယ်အဝန်း(၁၁. ၅ x ၄၅)ပေ၊ အမြင့် (၁၇)ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးကိုကိုမောင် [၁၂/သဃက(နိုင်)၀၆၀၇၈၄]မှ တရားဝင်ပိုင်ဆိုင်ပြီးရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှအေး[၁၁/စတန(နိုင်)၀၅၉၃၇၉]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြင့်မြင့်သန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၄၁၅၃၄၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၅)လမ်းမြောက်၊ အမှတ်(၁၅၇/ခ)၊ ဒေါ်စန်းတင့်အမည်ပေါက် ပေ(၂၀ x ၆၀) အနက်မှ(၁၀ x ၆၀)ပေ ခေါင်းရင်းခြမ်းအား တရားဝင်ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်စန်း[၁၂/သကတ(နိုင်)၁၈၉၃၉၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဲနန္ဒာစင်[၁၂/ကခက(နိုင်)၁၃၁၃၄၁]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၈၆)**
**တိုက်(B-2)၊ အခန်း(101)၊ ရွှေခင်းသာအိမ်ရာ၊**
**သာကေတမြို့နယ်။ Ph:09-975533896**

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်သြဘာလမ်း၊ အမှတ်(၁၅)၊ မြေကွက်အမှတ်(၇၉၉-A)၊ အကျယ်အဝန်း (၂၀ x ၆၀)ပေ ကျယ်ဝန်းသော အိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ အိမ်ခြံမြေကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသော ဦးအောင်ဝင်းနော်[၈/စလန (နိုင်)၀၀၀၄၄၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝင်းသိန်း [၁၂/တမန(နိုင်)၀၀၅၃၆၈]က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊ (ပ)ထပ်**
**Strand Condominium**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မေမျိုးသူ(ခ)မေသူ (မှတ်ပုံတင်အမှတ် [၅/မမတ(နိုင်)၀၀၁၀၀၅]၊ အမှတ်(၁၂၅၇)၊ သုခိတာ(၄)လမ်း၊ အနောက်ကျောင်းလမ်း၊ (၇)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့)သည် IMMORTAL FRIENDS CO.,LTD တွင် Marketing Manager အဖြစ် တရားဝင်လုပ်ကိုင်နေသူဖြစ်ပါသည်။ ဒေါ်တင်မေမျိုးသူ(ခ)မေသူ တရားဝင်လုပ်ကိုင်နေသည့် လုပ်ငန်းနှင့်ပတ်သက်သည့် မဟုတ်မမှန် လိုက်လံပြောဆိုနေခြင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မမှန်ကန်သောစာသားများနှင့် ဒေါ်တင်မေမျိုးသူ(ခ)မေသူ၏ ရုပ်ပုံကိုတင်၍ ဂုဏ်သိက္ခာ ကျဆင်းအောင် ပြုမူပြောဆိုနေခြင်းများ မပြုလုပ်ရန်နှင့် ဒေါ်တင်မေမျိုးသူ(ခ)မေသူ၏ ရုပ်ပုံနှင့်တကွ လုပ်ငန်းနှင့်ပတ်သက်ပြီး အများသူငှာ ထင်ယောင်ထင်မှားဖြစ်စေရန် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မဟုတ်မမှန်သည့် စာသားများကို တင်ထားသည့် အကောင့်(စ်)ပိုင်ရှင်များအနေဖြင့် မိမိတို့တင်ထားသည့် Post များအား (၇)ရက်အတွင်း ဖျက်သိမ်းပေးပြီးနောက် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကျွန်ုပ် မိတ်ဆွေကို ဝန်ချတောင်းပန်သည့်စာတင်ပေးရန်၊ ကျွန်ုပ်၏မိတ်ဆွေထံ (၇)ရက်အတွင်း အကောင့်(စ်)ပိုင်ရှင်ကိုယ်တိုင် လာရောက်တောင်းပန်ရမည်ဖြစ်ပါသည်။ အထက်ပါအတိုင်း အကောင့်(စ်)ပိုင်ရှင်များအနေဖြင့် (၇)ရက်အတိုင်း လိုက်နာဆောင်ရွက်ပေးခြင်းမပြုပါက အကောင့်(စ်)ပိုင်ရှင်များနှင့်တကွ ကျွန်ုပ်မိတ်ဆွေအား ဂုဏ်သိက္ခာကျဆင်းအောင် ဆက်လက်ပြုလုပ်နေသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်မြင့်(စဉ်-၁၆၂၄၃)** | **ဒေါ်မေဇင်(စဉ်-၅၃၇၈၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၉)၊ မဥ္ဇူလမ်း၊ ဒါရိုဂါရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၇၉၂၈၄၈၀၇၃**

## “အသိပေးကြေညာချက်”

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/၁၊ လူနေရပ်ကွက်အမှတ်-မြင်သာစုပေါင်းအိမ်ရာ၊ မြေကွက်အမှတ်-၆၂/၂၊ ဧရိယာ(၀.၀၄၀)ဧက၊ (၁၇၄၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၆၂/၂၊ မြင်သာ(၅)လမ်း၊(၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ် အပါအဝင် အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအတ်မဒ် [၁၂/ရကန(နိုင်)၀၆၀၂၁၂] နှင့်သမီးဖြစ်သူ မမေသဇင်သန့် (အရွယ်မရောက်သေးသူငှင်း၏ အုပ်ထိန်းသူဖခင် ဦးအတ်မဒ်)အမည်ပေါက်သော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်နေအိမ်ဖြစ်ပါသည်။ အမည်ပေါက်ဦးအတ်မဒ် [၁၂/ရကန(နိုင်)၀၆၀၂၁၂]နှင့်ဒေါ်မေသဇင်သန့် [၁၂/ဥကတ(နိုင်)၁၈၇၆၂၁]ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဒေါ်နော်အေးအေးခိုင် [၁၄/ဟသတ(နိုင်)၂၄၀၄၄၈]က မြေအိမ်နှင့်တကွ နှစ်(၆၀)မြေငှားဂရန်မူရင်းတို့ကို ဝယ်ယူ လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် ဒေါ်နော်အေးအေးခိုင်က ယင်းမြေအိမ်နှင့်ပတ်သက်၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် လိုအပ်ပါသဖြင့် (၂၀-၁-၂၀၂၄)ရက်နေ့ နောက်ဆုံး ထားပြီး မြေနှင့်အိမ်အား မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးပါရန် နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုသန္တာဝင်း ( LL.B, LL.M ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၉၈)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၃၁၁၅၀၊ ၀၉-၉၆၄၃၀၃၁၁၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ အမှတ်(၁၀၉/၁၁၁)၊ ဗိုလ်မင်းရောင်လမ်းနေ ဦးထွန်းထွန်း၏သားဖြစ်သူ မောင်ညဏ်လင်းကျော်[၁၂/မဂတ(နိုင်)၁၁၂၄၂၁]သည် လွန်ခဲ့သောသုံးလခန့်မှစ၍ မိဘများ၏ နေအိမ်မှ ဆင်းသွားခဲ့ပြီး ၎င်းအား သားအဖြစ်မှ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါသည်။ ၎င်းမောင်ညဏ်လင်းကျော်နှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်း**
**[၁၂/မဂတ(ပြု)၀၀၀၀၅၆]**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အိမ်အမှတ်(၂၀၇/၂၀၉)၊ (၈-လွှာ) (၁၂ပေခွဲx၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်ချို[၁၂/စခန(နိုင်)၀၃၄၃၅၃] မှ လက်ရှိပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ် ဦးနူရ်ရန်ရော်ဟိမ်း [၁၂/ဥကတ(နိုင်)၂၁၂၃၇၆] ကိုင်ဆောင်ထားသူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့စ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့် အတူတကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးနူရ်ရန်ရော်ဟိမ်း**
**[၁၂/ဥကတ(နိုင်)၂၁၂၃၇၆]**
**ဖုန်း-၀၉-၅၁၄၂၉၈၂၊ ၀၉-၉၇၈၆၄၁၁၁၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**“ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ထ/၄၃)၊ မြေကွက်အမှတ်(၁၂၄၃)၊ အကျယ်အဝန်း (၄၀x၆၀) ပေရှိမြေကွက်”ကို** ဦးကျော်ထွန်း(PWA- ၀၄၀၁၃၃)အမည်ဖြင့် (၁၆-၆-၁၉၉၆)ခုနှစ်တွင် မြေကွက်ချထားပေးမည့် ယာယီကတ်ပြားအရ နေထိုင်ခွင့်ပြုထားသော မြေကွက်ကို ဦးကျော်ထွန်း အမည်ဖြင့်ပိုင်ဆိုင်ပြီး ဆက်စပ်စာချုပ်များအရ ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းအေး [၁၂/လမန(နိုင်)၁၂၈၂၅၂] မှ တရားဝင် လက်ရှိထားပိုင်ဆိုင်ထားသော မြေနှင့်အိမ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပိုင်ဆိုင်မှု နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုးသူ(LL.B) (စဉ်-၈၅၂၁/၂၀၁၂)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၉၃၅၉၆၆၄၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**“ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ဖြူးကုန်းတောရကျောင်းလမ်း၊ မဟာသုခိတာ(၃)လမ်းတောင်၊ အမှတ်(၄၂၂)၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ဒီ(၁၄၊၁၅၊၁၆)၊ မြေကွက် အမှတ်(၁၀၂)မြေပေါ်ရှိ (၂) ခန်းတွဲ (၃)ထပ်တိုက်”** ဆောက်လုပ်ခြင်းကတိစာချုပ်အရ မြေပိုင်ရှင်များဖြစ်ကြသည့် ဦးသိန်းလှ[၁၂/အစန(နိုင်)၁၀၆၀၃၆]၊ ဒေါ်အေးအေးဆင့် [၇/ပမန(နိုင်)၀၉၀၅၇၆] နှင့် ကန်ထရိုက်တာ ဦးဝင်းနိုင် [၈/ဆပဝ(နိုင်) ၀၄၅၃၂၂]တို့၏ (၂)ခန်းတွဲ(၃)ထပ်ဆောက်လုပ်ရန် သဘောတူ စာချုပ်အရ မြေပိုင်ရှင် ရရှိသည့် မြေညီတိုက်ခန်း ခြေရင်းခန်းဖြစ်ပြီး ယင်းတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုကြလျက် ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုးသူ (စဉ်-၈၅၂၁/၂၀၁၂)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၉၃၅၉၆၆၄၅**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ ပထမထပ်၊ အထပ်(၂)ထပ်၏ ဝဲဘက်(မြောက်ဘက်) အခြမ်းအခန်း၊ တိုက်အမှတ်(၆၄)၊ အကျယ်အဝန်း (၁၂ ၁/၂ ပေ x ၅၀ပေ) ရှိသော တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ရေ၊ မီး အပြည့်အစုံနှင့်တကွ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ကျင်စန်း [၁၂/လသန(နိုင်)၀၁၉၀၂၅] (ကိုယ်စား) ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင် ရုံး၏ (၂၅-၉-၂၀၁၈) ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၁၂၀/၂၀၁၈) အရ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ရတ်ကြူ [၁၂/လမတ(နိုင်)၀၂၀၃၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်း များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စန်းစန်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၁၂)**
**ရုံးအမှတ် (၆၂)၊ ပထမထပ်၊ အခန်းအမှတ် (၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀၈)ရပ်ကွက်၊ ကန်ဦး(၂)လမ်း၊ မြေကွက်အမှတ် (၃၅၉)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၃၅၈)နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးဇော်မင်း [၁၂/သလန(နိုင်)၀၀၈၉၅၀] အမည်ပေါက် မြေချပါမစ်(မိတ္တူ)ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဇော်လင်းဟန် [၁၂/ တမန(နိုင်)၀၀၃၉၂၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါကယခု ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၀၄၀၃၅၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅)၊ မြေကွက်အမှတ်(၁၄၁၇ မှ ၁၄၂၂ထိ)၊ ဧရိယာ(၀.၆၃၆)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၄၁၇ မှ ၁၄၂၂ ထိ၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ အမည်ပေါက် ဦးဗှာရင်(ခ)ခင်မောင်ရင်[၁၂/ပဘတ(နိုင်)၀၁၆၅၁၇] အမည်ပေါက် ပါမစ်မြေအားအမည်ပေါက်ဦးဗှာရင်(ခ)ခင်မောင်ရင် [၁၂/ပဘတ(နိုင်)၀၁၆၅၁၇]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဦးမရစ်လ[၁၃/သနန(နိုင်)၀၂၀၁၁၉]မှ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံ၊ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊မြေပုံတို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများ စာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့်ဂရန်သစ်လျှောက် ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/တောင်ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ် (၂၁) ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ (Hall)၊ (၅-လွှာ)၊ အကျယ်အဝန်း ( ၂၃ x ၄၃ )ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး၊ အပါအဝင် အကျိုးခံစားခွင့် အားလုံးကို ဝယ်ယူရန်လက်ရှိ တရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်လွှေဇာဆိုင်းနူး [၁/မကန(နိုင်)၁၀၀၁၂၇]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်း အဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B,D.B.L(စဉ်-၁၅၉၇၅)** | **B.A, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း- ၀၉-၇၉၈၈၂၇၅၉၀** | **၀၉-၇၉၀၁၂၃၄၈၀** | **၀၉- ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၄၈)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ ပဉ္စမထပ်၊ (၆-လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင် ဒေါ်ခင်သက်မော် [၁၂/စခန(နိုင်)၀၂၇၄၆၇] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ် စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B(စဉ်-၁၀၀၆၃)** | **B.A,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀** | **၀၉-၄၂၁၀၃၅၉၆၃** | **၀၉- ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၂၀) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ ၊ (၆) ထပ်တိုက်၏ ဒုတိယထပ်၊ (၃-လွှာ/ဘီ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး၊ အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင်ဖြစ်သူ ဦးမြသိန်း [၁၂/တမန(နိုင်)၀၁၁၈၉၉]အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေ ထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## “အထူးဝမ်းနည်းကြေကွဲခြင်း”

လူမျိုး၊ဘာသာမရွေး ဆေးကုသမှုပေးလျက်ရှိသော မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံကြီး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရာတွင် ကိုယ်ကျိုးမဖက်ဘဲ နေ့/ညမရွေး အချိန်၊ ငွေအကုန်အကျခံကာ အင်တိုက်အားတိုက်ဖြင့် ပါဝင်လုပ်ဆောင်ခဲ့သော ဒု-ဥက္ကဋ္ဌဖြစ်သူ မော်လာနာဟာဖိဇ်နဇီးရ်ဆင်(မ်)ဂျီးဆွာဟိဗ် (ခ) ဦးမောင်မောင်လေးသည် ၂၈-၁၂-၂၀၂၃ရက်တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်ကိုခံယူသွားခဲ့ပါသည်။ မွန်မြတ်သော ပရဟိတစိတ်ဓာတ်ရှိသူ လူတော်လူကောင်းတစ်ဦးဖြစ်သည့် ဟာဖိဇ် နဇီးရ် ဆင်(မ်)ဂျီး (ခ) ဦးမောင်မောင်လေး အား မမျှော်လင့် ဘဲဆုံးရှုံးခဲ့ရသည့်အတွက် မွတ်စလင်ကုသိုလ်ဖြစ် ဆေးရုံကြီးအနေဖြင့် များစွာနစ်နာဆုံးရှုံးရပြီး အုပ်ချုပ်ရေးအမှုဆောင်အဖွဲ့ဝင်လူကြီးများအနေဖြင့် ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ အထူးကြေကွဲဝမ်းနည်းနေရပါ၍ နေ့စဉ်မပြတ် ဒုအာဂ်ပြုလုပ်ပေးလျက်ရှိပါသည်။

**မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံ**
**အုပ်ချုပ်ရေးအမှုဆောင်အဖွဲ့**

## ဦးအေးကို
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)(ကြေး/မြေ)
### အသက်(၇၁)နှစ်

ညောင်တုန်းမြို့နေ (ဦးမောင်တင်-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးမောင်ရီ-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ အမှတ်(၇၅)၊ (၉)လွှာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သန်းသန်းအေး၏ချစ်လှစွာသော ခင်ပွန်း၊ ဦးသန့်ဇင်ဦး-ဒေါက်တာရွှေစင်ကို(ဒုတိယညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်း)၊ ဦးစိုးကိုကိုတို့၏ ချစ်လှစွာ သောဖခင်၊ မရွှန်းလဲ့ရွှေစင်ဦး၏ ချစ်လှစွာသော အဘိုးသည် ၄-၁-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ အထက်ဖော်ပြပါလိပ်စာတွင် ၁၀-၁-၂၀၂၄ရက်တွင် ရက်လည်ဆွမ်းကပ်လှူမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်လွင်
### (ရွှေလမင်း သက်န်းတိုက်၊ မြိတ်မြို့)
### (Director ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)
### (ဥက္ကဋ္ဌ၊ မြိတ်ကျန်းတိတ်ဘုံ)
### အသက်(၈၁)နှစ်

မြိတ်မြို့၊ တလိုင်းစုရပ်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၁၈)နှင့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၁၀-ရပ်ကွက်၊ ဝင်ဒါမီယာ-အောင်မင်းခေါင်(၂)လမ်း၊ အိမ်အမှတ်(၃၇) နေ(ဦးကျင်ဝှက်-ဒေါ်ကျင်ညွန့်)တို့၏ ဒုတိယသား၊(ဦးဆိုင်ရာ-ဒေါ်ရှုဘွန်)တို့၏ သားသမက်၊ ဒေါ်တင်တင်ယု၏ခင်ပွန်း၊ ဦးခိုင်ဝင်း-ဒေါ်စန္ဒာလွင်၊ Dr.သူရိန်လွင်-ဒေါ်ထက်မြတ်ခိုင်တို့၏ဖခင်၊ မောင်စွမ်းထက်ခိုင်ဝင်း၊ မခင်ထိပ်ထားခိုင်ဝင်း၊ မောင်လင်းမြတ်ခိုင်ဝင်း၊ မောင်ကောင်းခန့်သူရိန်၊ မဆုမြတ်သူရိန်၊ မသုမြတ်သူရိန်တို့၏ အဘိုးဖြစ်သူ ဦးမြင့်လွင်သည် ၅-၁-၂၀၂၄ရက် နံနက် ၆:၅၀နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၄ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီး ကြွင်းကျန်သောအရိုးပြာကို ၁၁-၁-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့ ကျန်းတိတ်တရုတ်သင်္ချိုင်းတွင် ဂူသွင်းမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း”

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ အလယ်ရပ်၊ ဒေါနလမ်း၊ အမှတ်(၈)နေ(အဖ)ဦးသာမိုး၏သား ကျွန်ုပ်၏ မိတ်ဆွေ ဦးထွန်းရှိန် [၁၄/ပတန(နိုင်)၀၀၄၃၄၄]သည် ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်(၂)၊ မာလာမြိုင် (၆)လမ်းရှိ ဦးပိုင်အမှတ်(၃၆၁)၊ မြေဧရိယာ(၀.၀၉၂)၊ (အလျား ၁၀၀' x အနံ၄၀')ရှိ ဦးထွန်းရှိန်အမည်ပေါက် ပါမစ်မြေနှင့် ၎င်းမြေပေါ်ရှိ အုတ်ညှပ်သွပ်မိုးပါ အိမ်တစ်လုံးကိုရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင် ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေနှင့်အိမ်ကို ရောင်းချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးထွန်းရှိန်**
**[၁၄/ပတန(နိုင်)၀၀၄၃၄၄]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီအောင်(စဉ်-၁၄၃၇၁)**
**LL.B, DL-101 WIPO (Switzerland),**
**Diploma in Software Engineering,**
**Diploma in English**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၆)၊ ၃-လွှာ(B)၊ ၈၈-လမ်း၊ ကန်တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၆၀၁၈၆၊ ၀၉-၇၇၈၉၂၀၃၂၀**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးစောဘော်လ်ဒွင်ကြီး၏ သား စောတာဆိုဂေကြီး[၃/ဘအန(နိုင်)၀၀၀၀၃၄]၏ All in One လက်မှတ်အမှတ် (2DK-002499)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စိုးထက်ဦး [၈/နမန(နိုင်)၂၁၃၆၉၈]၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန် -

**Ph:09-684230353**

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်လွင်(မြိတ်)
## ဒါရိုက်တာအဖွဲ့ဝင်
## ပထမပုဂ္ဂလိကဘဏ်လီမိတက်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဦးမြင့်လွင်[အသက်(၇၈) နှစ်]သည် (၅-၁-၂၀၂၄)(သောကြာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဘဏ်တွင် နှစ်ပေါင်း(၃၀)ကျော် ဒါရိုက်တာအဖြစ်လည်းကောင်း၊ မြိတ်ဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်အဖြစ်လည်းကောင်း၊ ဘဏ်အကျိုးကို များစွာ သယ်ပိုးဆောင်ရွက်ပေးခဲ့သူ ဘဏ်အတွက် အထူးအားကိုးရသူ ဦးမြင့်လွင်အား ဘဏ်ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများမှ အမြဲတမ်းကျေးဇူးတင်အမှတ်ရနေမည်ဖြစ်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဦးမြင့်လွင် မြင့်မြတ်သောဘုံဘဝရောက်ရှိပါစေ။

**ဒါရိုက်တာအဖွဲ့**
**ပထမပုဂ္ဂလိကဘဏ်လီမိတက်**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြတ်မြတ်မင်း
### ဒုဌာနမှူး(ငြိမ်း) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန
### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အထက(၂) ကမာရွတ်(ယခင်စိန့်ဩဂတ်စတင်း)ကျောင်းသူဟောင်း
### အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ A-3၊ ဒုတိယထပ်နေ (ဗိုလ်မှူးလှဖေ-ဒေါ်သန်းတင်) တို့၏သမီးကြီး၊ (ဦးမှူးအောင်၊ ဒေါ်ပြေ့ကြီး) တို့၏သမီးချွေးမ၊ (ဦးလှမြင့် (လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာကုန်တိုက်)၏ ချစ်လှစွာသောဇနီး၊ (ဗိုလ်မှူးကျော်ကြီး)၊ (ဦးသိန်းထွန်း)၊ ဒေါ်မြင့်မြင့်အေး(တရုတ်တိုင်ပေ)၊ ဦးဝဏ္ဏ-ဒေါ်စိန်စိန်မြင့်၊ (ဒေါက်တာ မောင်မောင်အောင်-ဒေါ်ချိုပြုံး) တို့၏ ချစ်လှစွာသောအစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ကြီးကြီး၊ မြေးနှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားသည် ၅-၁-၂၀၂၄ရက် (သောကြာနေ့) နံနက် ၉:၄၀နာရီ တွင် သုခကမ္ဘာဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။ အနော်ရထာအိမ်ရာနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၄ ရက် (ကြာသပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၁)လမ်း၊ တိုက်အမှတ် ၁၁၇၄/က ဒုတိယထပ်၊ အကျယ်အဝန်း-၁၈ပေ x ၅၁ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ တိုက်ခန်းအား ဒေါ်ဝသုန်ဖြိုး[၁၄/ပသန(နိုင်)၂၀၇၇၃၈]မှ အရောင်းအဝယ်ကတိစာချုပ်ဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ချို(LL.B,D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၄၄)**
**ဒေါ်သီတာအောင်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၀)**
**၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၆၈၅၆၈၇၆၈၀**
**အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၀)၊ လူနေရပ်ကွက်အမှတ်(၂၀)၊ လှိုင်သီတာလမ်း၊ မြေကွက်အမှတ်-(၉၈၅/ခ)၊အကျယ်အဝန်း(၂၀x၆၀)ပေ၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်(၁)လုံး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာနရှိမြို့မြေစာရင်းတွင် ဒေါ်စန္ဒာခင်( MTNT-၀၂၁၃၈၇)အမည်ဖြင့်မှတ်သားတည်ရှိပြီး၊ အမည်ပေါက်ပိုင်ရှင် ဒေါ်စန္ဒာခင်မှ အဆိုပါပစ္စည်းအား ၎င်းတစ်ဦးတည်းသာလျှင်တရားဝင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်သွယ်အေး [၁၂/သဃက(နိုင်)၁၅၆၄၁၆]က အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များယူဆောင်၍ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုထွန်း LL.B, D.B.L, D.I.L တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၈၆၄ )**
**အမှတ်(၂၂၈/က)၊ မိဂသီလမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။ ဖုန်း-၀၉-၉၇၂၀၅၁၂၁၀၊ ၀၉-၄၂၀၀၃၆၇၄၀**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံကဲ ဒါယကာကြီး
## ဗိုလ်ချုပ် ကက်စိန်(ငြိမ်း)
### ကျန်းမာရေးဝန်ကြီး(ငြိမ်း)
### အသက်(၈၃)နှစ်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထင်အောင်ခိုင်၏ဖခင် ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း)သည် ၃-၁-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်**
**မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း**
**မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း**
**မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးကို(မြေယာအကြံပေး)
## အသက်(၇၁)နှစ်

မြေယာမဏ္ဍိုင်အဖွဲ့၏မြေယာအကြံပေး ဦးအေးကိုသည် ၄-၁-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့)၊ ညနေ ၃:၃၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြေယာမဏ္ဍိုင်အဖွဲ့သူ/သားများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊အောင်သုခလမ်း၊ အမှတ်-၉၈၊ ၆လွှာ (ဘယ်ဘက်ခန်း)တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအောင်လွင် [၁၂/လမတ(နိုင်)၀၂၉၄၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်ကဲဒါမလာသူး[၁၄/ဘကလ (နိုင်) ၃၂၂၅၅၅]က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသိမ့်သိမ့် (LL.B) (D.M.L)**
**အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ် - ၂၅၀၇၁**
**၀၉-၇၆၅၁၈၈၄၁၂**
**အမှတ်(၂၄)၊ (၄- ဘီ)နီဗွာန်လမ်း၊ သာမုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ကြည်း ၉၆၉၈ ဗိုလ်ချုပ် ကက်စိန်(ငြိမ်း)(OTS 29)**
**တိုင်းမှူး(ငြိမ်း) (အရှေ့တောင်တိုင်းစစ်ဌာနချုပ်)**
**ကျန်းမာရေးဝန်ကြီး(ငြိမ်း)**
**အသက်(၈၃)နှစ်**

ပခုက္ကူမြို့နေ(ဦးသောကြာ–ဒေါ်အေးယူ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ယဉ်ယဉ်မြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)သည် ၃–၁–၂၀၂၄ရက် နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ် အောင်ထွန်း(ငြိမ်း)–ဒေါ်သန်းသန်းနွဲ့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)**
**ဝန်ကြီး(ငြိမ်း)**
**ကျန်းမာရေးဝန်ကြီးဌာန**
**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ယဉ်ယဉ်မြင့် ၏ခင်ပွန်း ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာနသည် ၃–၁–၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**လူထုကျန်းမာရေးဖောင်ဒေးရှင်း**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)**
**ဝန်ကြီး(ငြိမ်း)**
**ကျန်းမာရေးဝန်ကြီးဌာန**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ယဉ်ယဉ်မြင့်၏ ခင်ပွန်း ဗိုလ်ချုပ်ကက်စိန်(ငြိမ်း) ကျန်းမာရေးဝန်ကြီး(ငြိမ်း) သည် ၃–၁–၂၀၂၄ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)**
**ကျန်းမာရေးဝန်ကြီး(ငြိမ်း)**
**အသက်(၈၃)နှစ်**

Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) ၏ ဥက္ကဋ္ဌဖြစ်သူ ဦးထင်အောင်ခိုင်၏ဖခင် ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း)သည် ၃–၁–၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**MTI Corporation**

---

**ဦးမြင့်အောင်**
**အသက်(၇၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီးနေ(ဦးချန်ထွန်း–ဒေါ်မြရီ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်(၃)၊ အမှတ်(၀၀၂)နေ ဒေါ်မြသန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲမြင့်–ဒေါ်မိုးကေသီ၏ချစ်လှစွာသော ဖခင်၊ မောင်အောင်ကောင်းမြတ်၏ ချစ်လှစွာသောအဘိုး ဦးမြင့်အောင်သည် ၅–၁–၂၀၂၄ရက်နေ့ နံနက် ၅:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇–၁–၂၀၂၄(တနင်္ဂနွေ)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသောကြောင့် အထက်ပါ နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁–၁–၂၀၂၄(ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

---

**အနှိမအဂ္ဂိစျာပန ပင့်လျှောက်လွှာ**

မြို့စိုး၊ ငါးဆူတော်ကျောင်း ဆရာတော် ဦးမုနိန္ဒ မထေရ်၏ တပည့် ဦးနန္ဒိယ၊ ဦးဇောတိက၊ ဦးစန္ဒိမာ၊ ဦးသုဇာတ၊ ဦးကေသဝရ နှင့် ဆွေတော်၊ မျိုးတော်၊ တပည့်ဒါယကာ၊ ဒါယိကာမတို့ကရိုသေစွာပင့်လျှောက်ပါသည်ဘုရား။

တပည့်တော်တို့၏ဆရာသခင် ကျေးဇူးရှင်ဖြစ်သော မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မြို့စိုးအုပ်စု မြို့စိုးငါးဆူ ကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် ဦးမုနိန္ဒ (သက်တော်–၅၈ နှစ်၊ ဝါတော်–၃၈ ဝါ)ရှိ အရှင်သူမြတ်သည် ကောဇာသက္ကရာဇ်–၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၇)ရက်၊ ၃–၁–၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို အနှိမအဂ္ဂိစျာပန ကျင်းပပူဇော်လိုပါသောကြောင့် ၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၁)ရက်၊ ၇–၁–၂၀၂၄ (တနင်္ဂနွေနေ့)၊ နေ့ဆွမ်းဘုဉ်းပေးမီ မြို့စိုးငါးဆူတော်ကျောင်းတိုက်သို့ ကြွရောက်ပါရန် ရိုသေစွာ ပင့်လျှောက်ဝံ့ပါသည်ဘုရား။

ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမနှင့်
စျာပနကျင်းပရေးကော်မတီအဖွဲ့

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ကြည်း ၉၆၉၈၊ ဗိုလ်ချုပ်ကက်စိန် (ငြိမ်း)၊ (OTS–29)**
**တိုင်းမှူး(ငြိမ်း) (အရှေ့တောင်တိုင်းစစ်ဌာနချုပ်)**
**ကျန်းမာရေးဝန်ကြီး(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ယဉ်ယဉ်မြင့်၏ ခင်ပွန်း ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)သည် ၃–၁–၂၀၂၄ ရက် နံနက် ၉:၄၀နာရီ တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS (29) သူငယ်ချင်းများနှင့် မိသားစုများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း)၊ အငြိမ်းစားလေထီးစစ်သည်၊ စစ်သမီးများ၊ ကျန်းမာရေး၊ လူမှုရေး ကူညီမှုအသင်း နာယကကြီး အသက်(၈၃)နှစ်သည် ၃–၁–၂၀၂၄ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ဗိုလ်ချုပ်မိသားစုနှင့်တကွ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကများနှင့်**
**အမှုဆောင်ကော်မတီဝင်များ**
**(အငြိမ်းစားလေထီးစစ်သည်/စစ်သမီးများ၊ ကျန်းမာရေး၊ လူမှုရေးအသင်းသား/အသင်းသူများ)**

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်**
**အသက်(၈၆)နှစ်**

(ဦးစံသိန်း–ဒေါ်တင်မေ)တို့၏သမီး၊ (ဦးထွန်းရီ)၏ဇနီး၊ ဒေါက်တာမျိုးဦး(Cambodia University of Technology and Science)–ဒေါ်ငြိမ့်ငြိမ့်စိုးတို့၏ မွေးသမိခင်၊ ကိုဟန်နီဦး–မခင်မြတ်နိုး တို့၏ အဘွားသည် ၅–၁–၂၀၂၄ (သောကြာနေ့) နံနက် ၈:၄၅နာရီ တွင် ကွယ်လွန် အနိစ္စရောက်သွားပါသည်။ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၇–၁–၂၀၂၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လှိုင်သာယာ၊ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပြီး ၁၁–၁–၂၀၂၄(ကြာသပတေးနေ့)တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အိမ်အမှတ်(၂၂)နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာယူမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျန်ရစ်သူမိသားစုမှ ညိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးဝင်းမင်းသန်း**
**တွဲဖက်ပါမောက္ခ(ငြိမ်း)**
**ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာန**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊မန္တလေး**
**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၊ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်သီတာအေး၏ ခင်ပွန်းဖြစ်သူ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ မန္တလေး၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာနမှ တွဲဖက်ပါမောက္ခ (အငြိမ်းစား) ဦးဝင်းမင်းသန်း အသက်(၆၂)နှစ်သည် ၃–၁–၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်၄:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဆရာ/ဆရာမများ၊ဝန်ထမ်းများ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်**

---

**ဒေါ်မူခင်**
**အထည်ချုပ်ဆိုင်–၃၈လမ်းဈေး**
**အသက်(၁၀၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရောချမ်းသာကွန်ဒို၊ ရောဝဏ်လမ်း၊ အမှတ်–၁၀/B–၂၄၀နေ (ဦးရှိန်–ဒေါ်ထားကြွေ)တို့၏သမီးကြီး၊ (ဦးကံသာ–ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ [ဦးအောင်ခင်(လောကနိဗ္ဗာရုပ်ရှင်)]၏ ချစ်လှစွာသောဇနီး၊ (ဦးအကျွန်း–ဒေါ်ကျော့ကျော့)တို့၏ညီမကြီး၊ (ဦးတင်မောင်ဝင်း–ဒေါ်တင်တင်မြ)၊ (ဒေါ်တင်တင်မြင့်)၊ (ဦးသောင်းထွန်း–ဒေါ်ဝင်းကြည်)၊ (ဦးခင်မောင်ဝင်း–ဒေါ်ခင်ဌေး)တို့၏အစ်မကြီး၊ (ဒေါ်တင်တင်ရီ)၊ (ဦးခင်မောင်ကြည်)–ဒေါ်တင်ဆန်း၊ ဦးခင်မောင်ရီ–ဒေါ်ဒိုရင်းမောင်မောင်၊ ဒေါ်နီနီခင်၊ (ဦးစောလွင်)–ဒေါ်ဖြူဖြူခင်၊ ဦးမြင့်ဇော်–ဒေါ်သန်းသန်းမြင့်၊ ဦးသန်းအေး–ဒေါ်ဝါဝါခင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး (၁၆) ယောက်၊ မြစ် (၁၀) ယောက်တို့၏ ဘွားဘွားကြီး ဒေါ်မူခင်သည် ၄–၁–၂၀၂၄(ကြာသပတေးနေ့)ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၆–၁–၂၀၂၄(စနေနေ့)တွ င်ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၀–၁–၂၀၂၄(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးသောင်းညွန့်(ဖျာပုံမြို့၊ ကြက်ဖမွေးဇောင်း)**
**အသက်(၉၇)နှစ်**

ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်းကျေးရွာနေ (ဦးစိန်လေး–ဒေါ်ဖွားရင်)တို့၏သား၊ (ဦးကျင်မောင်–ဒေါ်အေးဇင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၈)ရပ်ကွက်၊ ဗိုလ်တေဇ (၃)လမ်း၊ အမှတ်(၇)နေ (ဒေါ်သန်းမေ)၏ ခင်ပွန်း၊ (ဦးညွန့်သိန်း)–ဒေါ်ခင်လှ၊ ဦးဝင်းလွင် (သူရ–၁၃၊ ငြိမ်း)–ဒေါ်ခင်အုန်းမြင့်၊ (ဦးကျော်မြင့်ဦး)–ဒေါ်အေးအေး၊ ဦးအေးကြူ (ကြံလုပ်ငန်း–ငြိမ်း)–ဒေါ်တင်လှဝင်း၊ ဦးမြသွေး(RTC–ငြိမ်း)–ဒေါ်သန်းသန်းချို၊ (ဦးသိန်းတိုး)–ဒေါ်စောမွန်၊ ဦးအောင်ကျော်ညွန့် (MRTV–ငြိမ်း)–ဒေါ်အေးအေးမော်(MRTV)၊ ဦးကျော်ဝင်းညွန့်–ဒေါ်အိမြတ်ဖြူတို့၏ မွေးသဖခင်၊ မြေး နှစ်ဆယ့်သုံးယောက်၊ မြစ် ဆယ့်ကိုးယောက်၊ တီ နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၄–၁–၂၀၂၄ (ကြာသပတေးနေ့) နံနက် ၁:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၆–၁–၂၀၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀–၁–၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးအေးကို**
**တိုင်းဦးစီးဌာနမှူး (ငြိမ်း)**
**မန္တလေးတိုင်း၊ တနင်္သာရီတိုင်း**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**အသက်(၇၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၁၄၈/A)၊ သုခလမ်း နေ ဒေါ်ဥမ္မာမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ခိုင်စိုးဟိန်းနှင့် မရတနာတို့၏ ချစ်လှစွာသော ဖခင်သည် ၄–၁–၂၀၂၄ ရက် မွန်းလွဲ ၃:၃၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၆–၁–၂၀၂၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အဆိုပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၀–၁–၂၀၂၄ ရက်နေ့ နံနက် ၈ နာရီတွင် ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒုတိယရဲမှူးကြီး တိုးလှိုင်**
**(ရဲအမှတ်စဉ် – ၁၅/၉၁)**
**အသက်(၅၇)နှစ်**

နေပြည်တော်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး တိုးလှိုင်သည် ၃–၁–၂၀၂၄ ရက်နေ့တွင် (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယရဲအုပ်လောင်းအမှတ်စဉ် ၁၅/၉၁ မှ**
**သူငယ်ချင်းများ**

---

**ကန့်ကွက်နိုင်ပါသည်**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ဆ) သုနန္ဒာ(၉)လမ်း၊ အမှတ်(၃၈၂)၊ ဒေါ်အေးသန်း+ဒေါ်ကျင်မြိုင်+ဒေါ်အောင်တင် တို့၏ အမည်ပေါက် နှစ်(၆၀)မြေငှားမူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)အနက်မှ (မြေကွက်အမှတ် ၃၈၁နှင့်ကပ်လျက်ဘက်)၊ (မူရင်းခြမ်း)မြေအကျယ်ပေ(၁၃.၄x၆၀)ရှိမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် ရေ/မီးပါသော နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဒေါ်အောင်တင် [၁၂/ဥကမ(နိုင်)၀၁၁၄၄၇]မှ ပိုင်ဆိုင်သည့် ဝေစုဖြစ်ကြောင်း၊ အမည်ပေါက်အဖြစ်ပါရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးသန်းမြင့်[၁၂/ဥကမ(နိုင်)၀၃၂၇၈၂]မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ** **ညွှန်ကြားချက်အရ–**
**ဦးသန်းမြင့်** **ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊(၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ပထမထပ်၊ခေမာသီလမ်း၊မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉ ၅၄၀၇၂၂၉**

---

**အားကစား**
**မြင့်တင်**
**စိတ်**
**လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်**
**ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမြေများကို ကေကွက်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက စက်မှုလယ်ယာအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့နည်းပြီး အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအစည်းအဝေးမှ အမှာစကားကောက်နုတ်ချက်)

### ယနေ့ ဖတ်စရာ


ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ၏ မိသားစုဝင်များနည်းတူ လွန်စွာဝမ်းမြောက်ပီတိဖြစ် စာမျက်နှာ » ၁၁

ဂျပန်နိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် အီရှီကာဝါစီရင်စုတွင် သေဆုံးသူ ၈၄ ဦးအထိရှိလာ စာမျက်နှာ » ၁၃

ပခုက္ကူမြို့အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိ စာမျက်နှာ » ၁၄

ထီးချိုင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံသုံးဦး သေဆုံး၊ လေးဦး ဒဏ်ရာရဟု ကောလာဟလသတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ စာမျက်နှာ » ၁၅




## နှစ်သစ်ဦးကာလတွင် ချောင်းသာကမ်းခြေ၌ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကား

**ချောင်းသာ ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေသို့ ၂၀၂၄ ခုနှစ် နှစ်သစ်ဦးကာလမှစတင်၍ ပြည်တွင်း၊ ပြည်ပ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ချောင်းသာကမ်းခြေ၌ အပန်းဖြေကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ချောင်းသာမြို့သည် ပူအိုက်စိုစွတ်သောရာသီဥတုရှိပြီး ချောင်းသာကမ်းခြေမှာ ကမ်းခြေရှည်လျားကျယ်ပြန့်ကာ သဲသောင်ပြင်ညီညာပြန့်ပြူးမှု၊ ပင်လယ်ရေကြည်လင်မှုနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်မှုတို့ကြောင့် ခရီးသွားဧည့်သည်များ စဉ်ဆက်မပြတ်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **စာမျက်နှာ ၁၈ ကော်လံ ၅ သို့** ❖

## အယ်လ်နာဆာအသင်းနှင့် ပေါ်တူဂီအသင်းတို့၏ တိုက်စစ်မှူး စီရိုနယ်လ်ဒို ၂၀၂၃ ခုနှစ် တစ်နှစ်တာဂိုးသွင်းအများဆုံးဆုဖြစ်သည့် မာရာဒိုနာဆု ဆွတ်ခူး



ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆာအသင်းနဲ့ ပေါ်တူဂီအသင်းတို့ရဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ၂၀၂၃ ခုနှစ် တစ်နှစ်တာဂိုးသွင်းအများဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ မာရာဒိုနာဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

**သွင်းဂိုး ၅၄ ဂိုးအထိ သွင်းယူ**

အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ၂၀၂၃ ခုနှစ်အတွင်းမှာ ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆာအသင်းနဲ့ ပေါ်တူဂီနိုင်ငံလက်ရွေးစင်အသင်းတို့နဲ့အတူ သွင်းဂိုး ၅၄ ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် မာရာဒိုနာဆုကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ တစ်နှစ်တာအတွင်း ဂိုးသွင်းအများဆုံး ကစားသမားတွေအဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး **စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ❍

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **“၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ”**ကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**